# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၅၈)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၅ ရက် ၊ ၁၅–၅–၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တွင် ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (BEMU) များကို ကြည့်ရှုစစ်ဆေးစဉ်။

## ရထားပို့ဆောင်ရေးကို ပြည်သူများယုံကြည်စိတ်ချစွာ အပြည့်အဝအားကိုးအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို

# မြန်မြန်ဆန်ဆန်နှင့် ပို့ဆောင်နိုင်မည်ဆိုပါက ရထားစီးနင်းသုံးစွဲသူများ ပိုမိုများပြားလာမည်

# ရထားလမ်းများ အဆင့်မီကောင်းမွန်ရေး မဖြစ်မနေဆောင်ရွက်

နေပြည်တော် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားစက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့ သွားရောက်၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့ ရောက်ရှိကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း

**နှစ်ပေါင်း (၂၁)နှစ်အကြာမှ ဘက်တစ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့် ပြန်လည်ရရှိ**



စာမျက်နှာ ၁၁

**လူမှုအသိုက်အဝန်းအတွင်းမှ လူငယ်ကဏ္ဍ (ဆောင်းပါး)**

စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ် ၊ မေ ၁၅ ရက် ၊ သောကြာနေ့ ။

# သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာကျင့်သုံးရမည်

လူတိုင်း၏ ဘဝကိုမြင့်မားအောင် ဖန်တီးပေးနိုင်သည့်အချက်မှာ စည်းကမ်းပင်ဖြစ်သည်။ လူတိုင်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော စကားလုံးမှာလည်း စည်းကမ်းသည် လူ့တန်ဖိုးဟု သုံးနှုန်းနေကြသည်။ လူတိုင်း မိမိဘဝကို မြင့်မားစွာ ဆောက်တည်နေထိုင်လို ကြသည်။ သို့သော် စိတ်ကသာဖြစ်ချင်ပါသော်လည်း လက်တွေ့နယ်ပယ်တွင် မဖြစ်နိုင်ကြပါ။ လူနည်းစုကသာ အောင်မြင်စွာ ဆောက်တည်နိုင်ကြသည်။ အကြောင်းကား လိုရာပန်းတိုင်သို့ ရောက်ရှိရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ဇွဲနှင့် လုံ့လတို့ လိုအပ်သောကြောင့် ဖြစ်သည်။

စည်းကမ်းကို ငယ်စဉ်ကျောင်းသားလူငယ်အရွယ်ကပင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့်စွဲမြဲသွားလျှင် စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်တော့ပါ။ သာမန်လုပ်ကိုင်ဆောင်ရွက်နေရသကဲ့သို့ ပေါ့ပါးသွက်လက်လာမည်ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသော ဆောင်ပုဒ်သည် ပထမအရွယ် ကျောင်းသားဘဝကပင် စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ကြောင်းကို ညွှန်ဆိုနေခြင်းဖြစ်သည်။ ကျောင်း နေစဉ်အရွယ်၌ သတ်မှတ်ထားသော ကျောင်းဝတ်စုံဝတ်ဆင်ကြရသည်။ သတ်မှတ်ထားသော ကျောင်းချိန်အမီ အချိန်မှန်တက်ကြရမည်။ အချိန်မှန်ကျောင်းဆင်းကြရမည်။ ဤသည်တို့မှာ ကျောင်းသား၊ ကျောင်းသူတိုင်း လိုက်နာရမည့် အခြေခံစည်းကမ်းဖြစ်သည်။

ထို့ပြင် ဒုတိယအရွယ်တွင် ဥစ္စာရှာကြရမည်ဖြစ်သည်။ ထိုသို့ ဥစ္စာရှာဖွေရာတွင် အလုပ်ခွင်စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ တစ်ဖန် တတိယအရွယ်တွင် တရားဘာဝနာရှာဖွေကြရမည်ဖြစ်သည်။ တရားအားထုတ်ရန် တရားစခန်းရိပ်သာများကို သွားရောက်မည်ဆိုပါက သက်ဆိုင်ရာ တရားစခန်း၏ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။

စည်းကမ်းဟူသည် လူတိုင်း၏ ကိုယ်ကျင့်တရားနှင့်ဆက်နွှယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ စည်းကမ်းရှိသူသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ စည်းကမ်းတကျ နေထိုင်တတ်စေရန် အားပေးတတ်ကြသည်။ ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်နိုင်ရေး အစရှိသည့်ကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ ထိုသို့နေရာတိုင်းတွင် ချမှတ်သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။ စည်းကမ်းကို ကောင်းစွာသင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်သည်။ စည်းကမ်းနှင့်ပတ်သက်ပြီး ဗုဒ္ဓဘုရားရှင်၏ လက်ယာတော်ရံ ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးသည် ဝိနည်းတော်စည်းကမ်းချက်များကို အလွန်လေးစားလိုက်နာသူဖြစ်ကြောင်း တွေ့ရသည်။ ထို့ပြင် ပျင်းရိခြင်းသည် စည်းကမ်းလိုက်နာခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ပျင်းရိခြင်းသည် လူတိုင်းအတွက် ကိုယ်ရည်ကိုယ်သွေးကို ဖျက်ဆီးပစ်နေသော အဖျက်တရားဖြစ်၍ ဤအဖျက်တရားကို မိမိတို့ အလေ့အကျင့်စရိုက် သဘာဝထဲသို့ ဝင်ရောက်မလာနိုင်အောင် အစဉ်သတိမူထားဆီးကြရမည်ဖြစ်သည်။ လူ့လောကကြီး တည်ရှိနေခြင်းမှာ စည်းကမ်းအထိန်းအကွပ်ကြောင့်ဖြစ်သည်။ စည်းကမ်းသည် လူတစ်ဦးချင်းစီ၏ ဘဝများကိုလည်း မြှင့်တင်ပေးသည်။ စည်းကမ်းသည် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်ဖြစ်သည်။

မြတ်စွာဘုရားရှင်ကပင် မင်္ဂလသုတ်တော်၌ "ဝိနယောစ သုသိက္ခိတော"ကျင့်ဝတ်စည်းကမ်းကို ကောင်းစွာ သင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏ဟု မိန့်ကြားတော်မူခဲ့ရာ လူတိုင်း လူတိုင်း သတ်မှတ်ထားသည့် စည်းကမ်းများ အဆင်အမြဲ လိုက်နာကျင့်သုံးကာ မိမိဘဝကို မြင့်မားအောင် နေထိုင်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကံမမြို့နယ်၊ ပဇင်းနိမ့်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကံမ မေ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဇင်းနိမ့်ကျေးရွာအုပ်စု၊ ပဇင်းနိမ့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပဇင်းနိမ့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ပဇင်းနိမ့်ကျေးရွာ၌ ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၇၉ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေကျပ် ၃၂၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**နော်လူး**

## မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရက်(၁၀၀)စီမံချက်ဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်

**မန္တလေး မေ ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနသည် မန္တလေးမြို့တော် နယ်နိမိတ်အတွင်းရှိ အဓိကမြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တော်သန့်ရှင်းသာယာရေးအတွက် ရက်(၁၀၀)စီမံချက် ချမှတ်၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၇၃ လမ်း တက်မျှောချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၇ လမ်းနှင့် ၈ လမ်းကြားတွင် Long Arm စက်ယန္တရား အသုံးပြု၍ မြောင်းအတွင်းမှ မြောင်းစာအမှိုက်သရိုက်များကို ဆယ်ယူရှင်းလင်းခြင်း၊ သင်္ဂဇာချောင်းအဝင် ရေကြည်မြောင်းအတွင်းမှ E-35 စက်အသုံးပြု၍ အမှိုက်နှင့် ဒိုက်စာများ ဆယ်ယူရှင်းလင်းခြင်း၊ ၈၇လမ်း၊ လမ်း၂၀နှင့် ၂၁လမ်းကြား မြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို လူအင်အား ၁၅ ဦးဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်ခြင်း၊ သန့်ရှင်းသာယာရေးအတွက် ၂၂ လမ်း၊ ၅၇ လမ်းနှင့် လမ်း၆၀ကြားတွင် လုပ်သားအင်အား ၅၀ ဦးဖြင့် ချုံနွယ်အမှိုက်များကို ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ်တွင် ၇၇ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ လမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို မြောင်းဆယ်လုပ်သား ၁၈ ဦးတို့ဖြင့် ဆယ်ယူရှင်းလင်းခြင်း၊ ၇၆ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာအမှိုက်များ



ကို E-35 စက်ဖြင့် ၃၂ လမ်းနှင့် ၃၃ လမ်းကြားတွင် ဆယ်ယူရှင်းလင်းခြင်း၊ ငွေတချောင်းမြောင်းအတွင်းမှ မြောင်းစာအမှိုက်သရိုက်များကို CAT ဝိုးဘတ်ဟိုးစက်ဖြင့် ၃၄ လမ်းနှင့် ၃၅ လမ်းကြားတွင် ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ်တွင် ၈၂ လမ်း၊ အနောက်ဘက်မြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို လူအင်အား ၂၅ ဦးဖြင့် ၄၂ လမ်းနှင့် ၄၅ လမ်းကြားတွင် ဆယ်ယူရှင်းလင်းဆောင်ရွက်ခြင်း၊ ၃၈ လမ်း တောင်ဘက်ခြမ်း မြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို Hitachi စက်ဖြင့် ၅၈ လမ်းနှင့် ၅၉ လမ်းကြားတွင် ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို ၃၆ လမ်းနှင့် ၃၇ လမ်းကြားတွင် ဆယ်ယူရှင်းလင်းခြင်း၊ ၉၁ H လမ်းမြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို E-35 စက်ဖြင့် ၄၂ လမ်းနှင့် ၄၃ လမ်းကြားတွင် ဆယ်ယူရှင်းလင်းခြင်း၊ သင်္ဂဇာချောင်းအတွင်းမှ အမှိုက်ဗေဒါများကို လူအင်အားအသုံးပြု၍ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားတွင် ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ်တွင် မြို့ပတ်ပန်းရံတော်ချောင်းအတွင်းမှ ဒိုက်အမှိုက်များကို Sunton တစ်စီးဖြင့် ဆယ်ယူရှင်းလင်းခြင်း မြောင်းပေါင် Slope ဆွဲ ဆောင်ရွက်ခြင်း၊ ရွှေတချောင်းမြောင်း ကပ်ကျော်ရေထိန်းတံခါးအနီးတွင် Long Arm ဖြင့် ဆယ်ယူရှင်းလင်းခြင်း၊ နဒီမြောင်းအတွင်းမှ မြောင်းစာ၊ ဒိုက်နှင့် အမှိုက်များကို Power Plus စက်ဖြင့် ဆယ်ယူရှင်းလင်းခြင်းနှင့် Slope ဆွဲ ဆောင်ရွက်ခြင်း၊ ကိုလံဘိုမြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို လူအင်အားအသုံးပြု၍ ၁၀၁ လမ်းနှင့် ၁၀၄ လမ်းကြားတွင် ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ကိုလံဘိုမြောင်းအတွင်းမှ ဒိုက်ချုံများကို လူအင်အားအသုံးပြု၍ ၁၁၇ လမ်းနှင့် ၁၁၈ လမ်းကြားတွင် ဆယ်ယူရှင်းလင်းခြင်း၊ ၅၅လမ်းမြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို E-35 စက် အသုံးပြု၍ ၁၄၁ လမ်းနှင့် ၁၄၂ လမ်းကြားတွင် ဆယ်ယူရှင်းလင်းခြင်း၊ ၆၅(B) လမ်းမြောင်းအတွင်းမှ မြောင်းစာအမှိုက်များကို လူအင်အားအသုံးပြု၍ ၁၃၀ လမ်းနှင့် ၁၃၁ လမ်းကြားတွင် ဆယ်ယူရှင်းလင်းခြင်းနှင့် အမရပူရမြို့နယ်၌ ဈေးချိုရပ်ကွက်၊ လမ်းငါးခွ ဈေးချိုအောက်ဆွဲလမ်းကြားတွင် လူအင်အားအသုံးပြု၍ မြောင်းဆယ်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (မန္တလေးနေ့စဉ်-၃)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)၌ ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

- ❖ **ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအရ လောင်စာဆီအခက်အခဲများကို ကြုံတွေ့ရလျက်ရှိကြောင်း၊ ထိုသို့ကြုံတွေ့နေရသည့်အချိန်တွင် မိမိတို့အနေဖြင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင်ဆောင်ရွက်ပေးသွားကြရမည်**
- ❖ **ရထားပို့ဆောင်ရေးစနစ်ကို ပြည်သူများ ပိုမိုအားကိုးလာစေရေး ရထားနှင့်ပတ်သက်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်**
- ❖ **ရထားတွဲများ မည်မျှပင်ကောင်းသည်ဖြစ်စေ ရထားလမ်းများကောင်းမွန်မှုမရှိပါက ထိရောက်ကောင်းမွန်မှုရှိမည်မဟုတ်**

☆ ရှေ့ဖုံးမှ

**တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်**

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတက ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ရထားပို့ဆောင်ရေးကို ၁၈၇၇ ခုနှစ်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ပြီး အရှေ့တောင်အာရှတွင် အစောဆုံးသော ရထားပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီဇယ်စက်ခေါင်း အသုံးပြုရာတွင်လည်း အစောဆုံးဖြစ်ခဲ့ကြောင်း၊ မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် ၂၀၂၇ ခုနှစ်တွင် နှစ်ပေါင်း ၁၅၀ ပြည့်မြောက်တော့မည်ဖြစ်ပြီး နှစ်ပေါင်း ၁၅၀ ခန့်ရှိပြီဖြစ်သည့် ရထားပို့ဆောင်ရေးစနစ်သည် ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်သင့်သည်ဟု ထင်မြင်မိကြောင်း၊ လက်ရှိ မြန်မာ့မီးရထားတွင် ဧက လမ်း ၃၄၈၃ မိုင်၊ ဒွေးလမ်း ၃၈၅ မိုင် စုစုပေါင်း ရထားလမ်းမိုင် ၃၈၆၈ မိုင်ရှိပြီဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင်လည်း ရထားပို့ဆောင်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အကျိုးရှိစွာ အသုံးပြုလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားဘူတာရုံစကြီများ၊ ရထားလမ်းကူးများ၊ တံတားများ၊ အခြားဖြစ်နိုင်ဖွယ်ရှိသည်များ အားလုံးကို လေ့လာတွက်ချက်၍ စနစ်တကျဖြင့် အဆင့်မြှင့်တင်သွားရန်**

မြန်မာနိုင်ငံရှိရထားလမ်းများအနေဖြင့် သတ်မှတ်အရည်အသွေးများနှင့် အဆင့်မီမှု အားနည်းလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ရထားလမ်းများ အရည်အသွေးနှင့် အဆင့်မီမှုရှိမှသာလျှင် ရထားများကို မြန်နှုန်းမြင့် မောင်းနှင်အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရထားလမ်းများ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရထားလမ်းများအဆင့်မြှင့်တင်ရာတွင် ရထားသံလမ်းများ၊ ဇလီဖားတုံးများ၊ အောက်ခံကျောက်များ သတ်မှတ်အရည်အသွေးပြည့်မီရမည်ဖြစ်သကဲ့သို့ ရထားလမ်းကွေ့နေရာများ၊ အနိမ့်အမြင့်နေရာများကိုလည်း စနစ်တကျ ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် မီးရထားလမ်းများ အဆင့်မြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ များစွာဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရထားပို့ဆောင်ရေးကို ပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် အပြည့်အဝအားကိုးအသုံးပြုနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် **ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအရ လောင်စာဆီအခက်အခဲများကို ကြုံတွေ့ရလျက်ရှိကြောင်း၊ ထိုသို့ကြုံတွေ့နေရသည့်အချိန်တွင် မိမိတို့အနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြရမည်** ဖြစ်ကြောင်း၊ပို့ဆောင်ရေးစနစ်များတွင် လေယာဉ်၊ မော်တော်ယာဉ်၊ ရေယာဉ်နှင့် ရထားပို့ဆောင်ရေးဟူ၍ရှိပြီး ရထားသည် ခရီးသည်နှင့် ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များများ ပို့ဆောင်ပေးနိုင်သည့် အကောင်းမွန်ဆုံးသော ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက်အမှန်တကယ် အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ရထားကိုအသုံးပြုခြင်းကြောင့် လောင်စာဆီများသုံးစွဲရမှုကိုလည်း သက်သာစေနိုင်ကြောင်း၊ **ရထားပို့ဆောင်ရေးစနစ်ကို ပြည်သူများ ပိုမိုအားကိုးလာစေရေး ရထားနှင့်ပတ်သက်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်** ဖြစ်ကြောင်း၊ မြန်မြန်ဆန်ဆန်နှင့် ပို့ဆောင်နိုင်မည်ဆိုပါက ရထားစီးနင်းသုံးစွဲသူများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ်ပို့ဆောင်ပြေးဆွဲနိုင်ရေးအတွက်လည်း ဆောင်ရွက်နေရန်လိုကြောင်း။

ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် စသည့်ရထားလမ်းများကို ဦးစားပေးအနေဖြင့် အဆင့်မြှင့်တင် ပြုပြင်သွားကြရမည်ဖြစ်ကြောင်း၊ **ရထားတွဲများ မည်မျှပင်ကောင်းသည်ဖြစ်စေ ရထားလမ်းများကောင်းမွန်မှုမရှိပါက ထိရောက်ကောင်းမွန်မှုရှိမည်မဟုတ်** ကြောင်း၊ ထို့ကြောင့် ရထားလမ်းများ အဆင့်မီကောင်းမွန်ရေးကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရထားလမ်းများ အပိုင်းလိုက်အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ရာတွင် ယခင်က ဂျပန်နိုင်ငံမှ ချေးငွေများဖြင့် ဆောင်ရွက်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် တုံ့ဆိုင်းနေသဖြင့် နောက်ပိုင်းတွင် နိုင်ငံတော်၏ဘဏ္ဍာငွေမှစိုက်ထုတ်၍ အဆင့်မြှင့်တင်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူများ၏သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ လက်ရှိ ၇၅ ပေါင်သံလမ်းများကိုလည်း အဆင့်မြှင့်တင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပေါင် ၁၁၀ သံလမ်းများ အသုံးပြုဆောင်ရွက်နိုင်ရေးအတွက်လည်း ဆက်လက် လျာထားစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရထားလမ်းများကောင်းမွန်စေရေးအတွက် အဓိကအနေဖြင့် ကျောက်များသတ်မှတ်ချက်များနှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာ ထည့်သွင်းနိုင်ရမည်ဖြစ်ကြောင်း၊ ကျောက်များကို သတ်မှတ်ချက်များနှင့်အညီ ပြည့်မီအောင် ထည့်သွင်းထားရှိခြင်းဖြင့် ဇလီဖားတုံးများအား ထိန်းညှိပေးခြင်း၊ ဝန်ကိုမျှတစေခြင်း၊ တုန်ခါမှုများအား ထိန်းညှိပေးခြင်း၊ ရေစီးရေလာကိုကောင်းမွန်စေခြင်း၊ လမ်းကြောင်းတစ်လျှောက် ပေါင်းမြက်နှင့်အပင်များပေါက်ရောက်မှုကို လျှော့ချပေးခြင်း၊ အသံနှင့်အပူတို့ကို လျှော့ချပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထိုကဲ့သို့သော အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရေး ကျောက်များခင်းကျင်းခြင်းကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုအပ်သည့် ကျောက်များရရှိရန်အတွက်လည်း မိမိတို့အနေဖြင့် အရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း။

ရထားလမ်းအဆင့်မီရေးတွင် ကျောက်ပြည့်မီအောင် ဖြည့်သွင်းဆောင်ရွက်ခြင်းသည် အရေးကြီးသကဲ့သို့ ဇလီဖားတုံးများအား သတ်မှတ်ထားသည့် အကွာအဝေးများ၌ အရေအတွက်ပြည့်မီစွာဖြင့် အရည်အသွေးပြည့်မီအောင် ထည့်သွင်းထားရှိရန်လည်း လိုအပ်ကြောင်း၊ ထို့ပြင် ရထားလမ်းကွေ့နေရာများကိုလည်း သတ်မှတ်အမြန်နှုန်းနှင့်အညီ မောင်းနှင်နိုင်ရေး စနစ်တကျလေ့လာ၍ ပြန်လည်တွက်ချက်ပြင်ဆင်ခြင်း၊ Super Elevation များထည့်သွင်းခြင်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၇၅ ပေါင်စံကိုက်လမ်းကို အမြန်နှုန်းမည်မျှအထိ မောင်းနှင်နိုင်မည်ကို စမ်းသပ်မောင်းနှင်သွားရန်လိုကြောင်း၊ အမြန်နှုန်းများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် ခရီးသွားပြည်သူများအတွက် အချိန်ကုန်သက်သာစေနိုင်မည်ဖြစ်ကြောင်း။

ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားဘူတာရုံစကြီများ၊ ရထားလမ်းကူးများ၊ တံတားများ၊ အခြားဖြစ်နိုင်ဖွယ်ရှိသည်များအားလုံးကိုလည်း လေ့လာတွက်ချက်၍ စနစ်တကျဖြင့် အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ စကြီနှင့် ရထားကြမ်းခင်းများ Level ညီရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကကျသည့်ဘူတာများကို ကြိုတင်ပြင်ဆင်ပြီး ကျန်ရှိသည့်ဘူတာငယ်များကို ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက်ရှိ ရထားလမ်းကူးများ၊ တံတားများနှင့် ပတ်သက်၍လည်း ရထားသံလမ်းများအဆင့်မြှင့်တင်သွားမည်ဆိုပါက တံတားများကိုလည်း မြှင့်တင်နိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းကြောင်းများတစ်လျှောက်၌ အသွားအလာများပြားသည့် ရထားလမ်းကူးနေရာများ၌လည်း ခုံးကျော်တံတားများတည်ဆောက်ခြင်း၊ လမ်းကူးအချက်ပြစနစ်များ စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ ရထားဖြတ်သန်းချိန်၌ ဂိတ်တံခါးများ စနစ်တကျဖြင့် အဖွင့်၊ အပိတ် ဆောင်ရွက်ပေးခြင်းတို့ကိုလည်း စနစ်တကျသုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းကြောင်း တစ်လျှောက်၌ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်အနာဂတ်ကာလတွင် မြေအောက်ရထားလမ်းများ တည်ဆောက်အသုံးပြုနိုင်သည်အထိ စနစ်တကျသုတေသနပြု တွက်ချက်ဆောင်ရွက်ထားရှိရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ၊ ဘူတာရုံအသစ်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ကြိုတင်တွက်ချက်ပြီးမှသာ တည်ဆောက်သွားရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များကို များစွာလျှော့ချနိုင်မည်

☆ ရေနွေးငွေ့သုံးမီးရထားစက်ခေါင်းများအား ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ပြေးဆွဲနိုင်ရေး ဆောင်ရွက်

☆ မီးရထားတွဲများ တည်ဆောက်မှုနှင့်ပတ်သက်၍ ရေရှည်ကိုကြည့်ပြီး ဆောင်ရွက်သွားကြရန်လို၊ ဘက်ထရီစက်ခေါင်းဖြင့် မောင်းနှင်ခြင်းနှင့် လျှပ်စစ်ကြိုးသွယ်တန်း၍ မောင်းနှင်ခြင်းတို့၏ အားသာချက်နှင့် အားနည်းချက်များကို ဖော်ထုတ်သွားရန်လို

☆ စာမျက်နှာ ၃ မှ

ရထားတွဲများအဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်၍လည်း ရထားတွဲများအား စံနှုန်းတစ်ခုသတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကတည်းက မီးရထားတွဲများ တည်ဆောက်ခဲ့သည့် အတွေ့အကြုံများစွာ ရှိပြီးဖြစ်သဖြင့် ပြည်တွင်း၌ ရထားတွဲများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရထားတွဲများ၏ အလျား၊ အနံများအနေဖြင့် တူညီမှုမရှိကြသည်ကိုလည်း လေ့လာတွေ့ရှိရသဖြင့် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ရထားတွဲများ ဖြစ်စေရေး၊ ခရီးသွားပြည်သူများ ချောင်ချောင်ချိချိ သက်သက်သာသာဖြင့် စီးနင်းနိုင်သည့် ရထားတွဲများ ဖြစ်စေရေး စနစ်တကျဖြင့်လေ့လာ၍ သုတေသနပြု တွက်ချက်တည်ဆောက် ထုတ်လုပ်သွားကြရန် လိုကြောင်း၊ လက်ရှိအချိန်တွင် ဘက်ထရီလျှပ်စစ် စက်ခေါင်း (Battery Electric Locomotives – BEL) နှင့် ဘက်ထရီလျှပ်စစ်ရထားတွဲ (Battery Electric Multiple Unit – BEMU)များကို တည်ဆောက်လျက် ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြစ်ရန်လိုကြောင်း။

မီးရထားတွဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် စံနှုန်းတစ်ခုအား သတ်မှတ်သွားရန် လိုပြီး နောင်တွင် ပုဂ္ဂလိကမီးရထားလုပ်ငန်းများ ပေါ်ပေါက်လာပါကလည်း ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ မီးရထားစီးခရီးသည်များအနေဖြင့်လည်း စည်းကမ်း စနစ်တကျဖြစ်စေရေး အသိပညာပေးခြင်း၊ ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ မီးရထားဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ မီးရထားတွဲများအားလုံး သန့်ရှင်းသပ်ရပ်မှု ရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွား ကြရမည်ဖြစ်ပြီး အသေးစိတ်မှစ၍ ဝန်ဆောင်မှု ကောင်းပေးနိုင်ရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွား ကြရန်လိုကြောင်း၊ မီးရထားစီးနင်းသူ ခရီးသွား ပြည်သူများအနေဖြင့် စည်းကမ်းချက်များနှင့်အညီ လိုက်နာ၍ စီးနင်းလိုက်ပါရေးအတွက်လည်း မီးရထား ဝန်ထမ်းများက တိုက်တွန်းဆောင်ရွက်သွားရန် လိုကြောင်း။

ရထားခေါင်းတွဲများနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အသုံးပြုနေသည့် ရထားစက်ခေါင်း အမျိုးအစားများစွာရှိပြီး မည်သည့်ရထားစက်ခေါင်း ကို အသုံးပြုသည်ဖြစ်စေ စက်ခေါင်းကောင်းမွန်ကြံ့ခိုင် မှုရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက် သွားကြရန်လိုကြောင်း၊ ရထားစက်ခေါင်းများ၊ ရထား တွဲများအားလုံး ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးအတွက် စနစ်ကျနသည့် စစ်ဆေးမှုရှိရန်လိုပြီး အသုံးပြုနေ သည့်ကာလအတွင်း စနစ်များအားလုံး ကောင်းမွန်နေ စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထား စက်ခေါင်းများ၊ မီးရထားတွဲများသန့်ရှင်းသပ်ရပ် မှုရှိစေရေး၊ ဆေးများစနစ်တကျ ဖြစ်စေရေးနှင့် ရထားတွဲများအားလုံး ကောင်းမွန်မှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

**ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထည့်သွင်းစဉ်းစားရန်လို**

ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရထားလမ်းများဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်နိုင်ရေးအတွက်ကိုပါ ထည့်သွင်း တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အသွား အလာများပြားသည့် ရန်ကုန်-ပြည် လမ်းပိုင်းကို ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်အထိ သွားရောက် နိုင်သည့် ရထားလမ်းတည်ဆောက်နိုင်ရေးအတွက် လည်း ဆောင်ရွက်လျက်ရှိပြီး ရေးနှင့် ထားဝယ်အပိုင်း တွင် လက်ရှိလမ်းထက်ကောင်းမွန်မည့် ပင်လယ် ကမ်းခြေတစ်လျှောက်မောင်းနှင်နိုင်သည့် ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်သောလမ်းတစ်ခု ဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်-ပုဂံ သွားရထားလမ်းအား ပြန်လည်ပြင်ဆင် အဆင့်မြှင့်တင်ရာတွင်လည်း သာယာလှပပြီး ရှုမော ဖွယ်ဖြစ်သည့် ရှုမျှော်ခင်းများပါရှိစေရေး ဆောင်ရွက် သွားရန်လိုကြောင်း၊ ရထားစီးခရီးသည်များအနေဖြင့် သာယာသည့် သဘာဝပတ်ဝန်းကျင်ကို ကြည့်ရှုစီးနင်း လိုက်ပါကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဘုရားစေတီပုထိုးများကို ရောက်ရှိဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် ရထားစီးခရီးသည်များနှင့် ခရီးသွားများကို ပိုမိုဆွဲဆောင်စေနိုင်မည်ဖြစ် ကြောင်း။

ဗိုးပင်ကြီး-ပြင်ဦးလွင်-နောင်ချို-သီပေါ မီးရထား လမ်းကြောင်း၊ သာစည်-ကလော-တောင်ကြီး- နောင်ကား မီးရထားလမ်းကြောင်းတို့အား အဆင့်မြှင့် တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ပုံမှန်အတိုင်း ပြေးဆွဲပေးနိုင်ရန်လိုကြောင်း၊ လမ်းကြောင်း တစ်လျှောက်ရှိ လွန်းထိုးရောင်လမ်းများ ရှာဖွေ၍ လွန်းထိုးများလျှော့ချခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ကိုဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ သည် ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း Video Clip အား ကြည့်ရှုကြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် မြန်မာ့မီးရထား မှ တာဝန်ရှိသူများက မြန်မာ့မီးရထားသမိုင်းအကျဉ်း၊ လက်ရှိပြေးဆွဲလျက်ရှိသည့် ရထားလမ်းပိုင်းများနှင့် လူစီးရထားများ၊ ကုန်ရထားများ ပြေးဆွဲလျက်ရှိမှု၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ရထားလမ်းပိုင်း၊ တံတားနှင့်ဘူတာရုံများ အသစ်တည်ဆောက်ခြင်း ပြုပြင်ခြင်းများဆောင်ရွက်ခဲ့မှု၊ မီးရထားစက်ခေါင်း သစ်များ တပ်ဆင်ထုတ်လုပ်ခဲ့မှု၊ ဘက်ထရီလျှပ်စစ် စက်ခေါင်းသစ်များ တည်ဆောက်ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်တပ်ဆင်ပြီးသည့် ဘက်ထရီလျှပ်စစ် စက်ခေါင်းများဖြင့် ပြေးဆွဲလျက်ရှိမှု၊ ရေနွေးငွေ့ စက်ခေါင်းများ ပြန်လည်ပြုပြင်မွမ်းမံထားရှိမှု၊ DEMU များ ရောက်ရှိပြေးဆွဲလျက်ရှိမှု၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ တွဲအသစ်များဝယ်ယူတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ လက်ရှိဆောင်ရွက်နေ သည့် စက်ခေါင်းနှင့်တွဲ ပြောင်းလဲတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဘက်ထရီလျှပ်စစ် ရထားတွဲ (Battery Electric Multiple Unit – BEMU) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းပိုင်းများနှင့် တံတားများ ဆက်လက် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက် သွားမည့်အခြေအနေများ၊ ဗဟိုပို့ဆောင်ဆက်သွယ် ရေးကျောင်းတည်နေရာနှင့် သမိုင်းအကျဉ်း၊ဖွဲ့စည်းပုံ၊ လေ့ကျင့်ရေးနှစ်အလိုက် သင်တန်းများ ဖွင့်လှစ် သင်ကြားလျက်ရှိမှု၊ မြန်မာ့မီးရထားဆိုင်ရာသင်တန်း များတွင် စစ်သည်သင်တန်းသားများ ပါဝင်တက်ရောက် လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတ က ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ၊ ဘူတာရုံ အသစ်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာ တွင် စနစ်တကျဖြင့် ကြိုတင်တွက်ချက်ပြီးမှသာ တည်ဆောက်သွားရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်း ဖြင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များကို များစွာလျှော့ချ နိုင်မည်ဖြစ်ကြောင်း၊ ရေနွေးငွေ့သုံးမီးရထားစက်ခေါင်း များအား ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင် နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မီးရထားတွဲများ တည်ဆောက်မှုနှင့်ပတ်သက်၍ ရေရှည်ကိုကြည့်ပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘက်ထရီစက်ခေါင်းဖြင့် မောင်းနှင်ခြင်းနှင့် လျှပ်စစ် ကြိုးသွယ်တန်း၍ မောင်းနှင်ခြင်းတို့၏ အားသာချက် နှင့် အားနည်းချက်များကို ဖော်ထုတ်သွားရန် လိုကြောင်း။

မီးရထားဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်ထားရှိမှု နှင့်ပတ်သက်၍လည်း စနစ်တကျရှိစေရေးဆောင်ရွက် သွားရန်လိုကြောင်း၊ သက်ဆိုင်ရာအဆင့်အလိုက် ရာထူးများခန့်အပ်ခြင်း၊ ထောက်ပံ့ရေးစရိတ်များ ထုတ်ပေးခြင်းနှင့် လိုအပ်သည့်ထောက်ပံ့မှုများကို လည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းဖွင့်လှစ်သည် မှစတင်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန် လိုကြောင်း၊အခြားနိုင်ငံများ၏ရထားပို့ဆောင်ရေးနှင့် ပတ်သက်သည့် ဖွင့်လှစ်လျက်ရှိသော သင်တန်းများ ကိုလည်း လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်အနာဂတ်တွင် မီးရထားပြေးဆွဲမှုအား ပုဂ္ဂလိက နှင့်ပူးပေါင်း၍ ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွား ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြား ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ သည် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အတွင်း၌ ဘက်ထရီလျှပ်စစ်ရထား တွဲဆိုင်း (BEMU) များ၊ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ် (BEL)များနှင့် ဘက်ထရီတွဲများ တည်ဆောက်နေမှု များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူ များ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (BEMU)များကို ရန်ကုန်မြို့ပတ်နှင့် ခရီးတိုလမ်းပိုင်းများအတွက် သာမက ခရီးရှည်များတွင် အသုံးပြုနိုင်ရေးအတွက် လည်း ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် မေ ၁၄**

၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက် တွင် ကျရောက်မည့် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံး မှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာ နှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာသို့ နေပြည် တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်မင်း ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဇေယျာ သီရိခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောနိုင်၊ ဥတ္တရခရိုင် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်ပညာ ရေးမှူးများ၊ မူးယစ်တပ်ဖွဲ့စု(၁၀၁) နေပြည်တော်မှ ဒုတိယရဲမှူး ထွန်း မြတ်ဦးနှင့် တာဝန်ရှိသူများက ဝင်ရောက်ယှဉ်ပြိုင်သည့် ကျောင်း သား၊ ကျောင်းသူများအား ကြည့်ရှု အားပေးကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက် ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန် ပျူတာပန်းချီပြိုင်ပွဲကို နေပြည် တော်အတွင်းရှိ ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင်ရှိ အခြေခံပညာ ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း များမှ ပန်းချီပြိုင်ပွဲတွင် မူလတန်း အဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ ကာတွန်းပြိုင်ပွဲတွင် မူလတန်း အဆင့် ကျောင်းသား၊ ကျောင်းသူ နှစ်ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ငါးဦး နှင့် အလယ်တန်းအဆင့် ကျောင်း သား၊ ကျောင်းသူတစ်ဦး၊ ကွန်ပျူ တာပန်းချီပြိုင်ပွဲတွင် အလယ်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူ တစ်ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်း သူ ၃၀ ဦးတို့က "မူးယစ်ကင်းစင်တို့ ပြည်တစ်ခွင်သာယာလှပ အနာဂတ် ဘဝ"၊ "လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ဝိုင်း ဝန်းကာကွယ်တားဆီးမှ"၊ "မူး ယစ်ကင်းစင် တို့ဝန်းကျင် ပျော် ရွှင်ချမ်းမြ လုံခြုံလှ"၊ "နိုင်ငံ အနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"၊ "ဗလငါးတန်ခိုင် မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက် စို့"၊ "အဆိုးကျော့စက်ဝန်း အဆုံး သတ်ဖို့ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက် စို့" စသည့် ခေါင်းစဉ်များဖြင့် ဝင် ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇွန် ၂၆ ရက် တွင်ကျရောက်မည့် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံး မှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရ သည်။ **(အောက်ပုံ)**

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀-၀



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

## ပြည်သူကအားကိုးသည့် ဥပဒေပြုမဏ္ဍိုင်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**မကွေး မေ ၁၄**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည်မကွေးတိုင်းဒေသကြီး အတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ အား ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် ဗိုလ်မင်းရောင်ခန်းမ၌ တွေ့ဆုံ သည်။

**အကောင်အထည်ဖော် ဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေပြုမဏ္ဍိုင်ခိုင်မာရေး နှင့် ဥပဒေအကာအကွယ်အောက် တွင် ပြည်သူများ အေးချမ်းစွာ နေနိုင်ရေး၊နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်ပေးနေ သော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ ယခုအခါ ရွေးကောက်ပွဲမှ တစ်ဆင့် လွှတ်တော်များ ပေါ်ပေါက်လာပြီး ဖြစ်သည့်အတွက် လွှတ်တော်၏ ကဏ္ဍကို ပြည်သူများ ပိုမိုသိရှိ အောင် ဆောင်ရွက်ကြရမည်ဖြစ် ပါကြောင်း၊ယခုပေါ်ပေါက်လာသည့် လွှတ်တော်များသည် မဲဆန္ဒရှင် ပြည်သူများက အခက်အခဲ အကျပ် အတည်းကြားထဲမှ မိမိတို့ဆန္ဒ အမှန်ကို ရဲရဲတင်းတင်း ဖော်ထုတ် သည့်အနေဖြင့် ကိုယ်တိုင် ဆန္ဒမဲပေး ရွေးချယ်ခဲ့ခြင်းကြောင့် အထမြောက် အောင်မြင်စွာ ဖြစ်မြောက်ခဲ့သည့် ရွေးကောက်ပွဲ ၏ ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် မိမိတို့ကို မဲပေးခဲ့သည့် မဲဆန္ဒရှင်ပြည်သူများ ၏ ယုံကြည်မှုနှင့် မျှော်လင့်ချက် များကို အလေးထား အကောင် အထည်ဖော် ဆောင်ရွက်ပေးကြ စေလိုကြောင်း၊ လွှတ်တော်၏ အဓိက လုပ်ငန်းတာဝန်သည် ဥပဒေပြုရေး ဖြစ်သည့်အတွက် နိုင်ငံတော် တိုးတက်ရေးနှင့် ပြည်သူများ အကျိုးဖြစ်ထွန်းစေ မည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း များကို မိမိတို့ လွှတ်တော် သက်တမ်းတွင် ပိုမိုပြီးပြည့်စုံ အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် သုံးသပ်ပြီး နေ့စဉ်ပြည်သူလူထု၏ လူမှုစီးပွား ဘဝ လုံခြုံစိတ်ချစွာနေနိုင်သည့် ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်း နိုင်ရေး သုံးသပ်ဆောင်ရွက်ကြ စေလိုပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရ မည်ဖြစ်ပါကြောင်း၊ လွှတ်တော် သည် အစိုးရနှင့် ပြည်သူလူထု အကြား ပေါင်းကူးဆောင်ရွက်ပေး ရသည့် ကြားခံအဖွဲ့အစည်း တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော် လုံခြုံရေး၊ ပြည်သူလူထု အေးချမ်း သာယာရေးအတွက် ယခင် ဖျက်သိမ်းခဲ့သည့် ဥပဒေများအား ပြန်လည်စိစစ်သွားရမည် ဖြစ်ပါ ကြောင်း၊ လွှတ်တော်တွင်အမြဲတမ်း ကော်မတီများ ဖွဲ့စည်းဆောင်ရွက် ထားပြီးဖြစ်ပါကြောင်း၊ လာမည့် လွှတ်တော် အစည်းအဝေးတွင် ယာယီကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ် ပြီး လွှတ်တော်တွင် ဖွဲ့စည်းထား သည့်ကော်မတီများက လွှတ်တော် လုပ်ငန်းစဉ်များ ပိုမိုထိရောက် စေရန် အဓိကအထောက်အကူပြု ရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့လွှတ်တော်သည် နိုင်ငံတကာ ပါလီမန်များအဖွဲ့နှင့် အာဆီယံ ပါလီမန်များ ညီလာခံ၏ အဖွဲ့ဝင် ဖြစ်သည့်အတွက် ပူးပေါင်း ဆောင်ရွက် သွားရမည်ဖြစ်၍ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့်လည်း အမြင်ကျယ်ကျယ် ဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက် (၁၀၀)စီမံကိန်းများ ဆောင်ရွက် လျက်ရှိရာ လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ တွင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ လုပ်ဆောင်နိုင်သည့် အခန်း ကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွား စေလိုပါကြောင်း၊ ပြည်သူလူထု အကျိုးကို ပိုမိုနီးကပ်စွာ ဆောင်ရွက် နိုင်ရေး လွှတ်တော်ကိုယ်စားလှယ် ရုံးများ ဖွင့်လှစ်သွားရမည်ဖြစ်ပါ ကြောင်း၊ လွှတ်တော်အခန်းကဏ္ဍ ကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စား လာစေရန်အတွက် လွှတ်တော်၏ ဆောင်ရွက်ချက်များကို လူကြီး လူငယ်မရွေး၊ နိုင်ငံအကျိုးပြုအဖွဲ့ အစည်းများ အပါအဝင် အလွှာ အသီးသီးမှ လူပုဂ္ဂိုလ်များအား လွှတ်တော်၏ ဆောင်ရွက်ချက် များကို မျက်မြင်ကြည့်ရှုနိုင်ရန် အတွက် စီစဉ်ဆောင်ရွက်ပေးရန် လိုပါကြောင်း၊ လွှတ်တော် ၏ ဆောင်ရွက်ချက်များအား သတင်းစာ၊ မီဒီယာများမှတစ်ဆင့် တိတိကျကျ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွား ရန်လိုပါကြောင်း။

ပြည်သူနှင့် ထိတွေ့ရန် ကွင်းဆင်းဆောင်ရွက်ပြီး ပြည်သူ့ အသံများကို လွှတ်တော်အတွင်း ရောက်ရှိအောင် ဆောင်ရွက်ပေး ကြသည့် လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် ကျင့်ဝတ် သိက္ခာပိုင်းနှင့် စပ်လျဉ်း၍ ဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း တိတိ ကျကျ လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူများနှင့် အမြဲမပြတ်တွေ့ဆုံ ဆွေးနွေးကာ ပြည်သူများ၏ တင်ပြချက်များကို အလေးထား မှတ်သားပြီး လွှတ်တော်တွင် ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ပေးရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ မဲဆန္ဒနယ် အသီးသီးတွင် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ်က ပြည်သူ ကို ကတိပေးခဲ့သည့် အချက်များ နှင့် ပတ်သက်၍ လွှတ်တော်တွင် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူက အားကိုးသည့် ဥပဒေပြုမဏ္ဍိုင် ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသည့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စား လှယ်များက ကိုယ်စားလှယ်ရုံး ဖွင့်လှစ်နိုင်ရေးနှင့် မဲဆန္ဒနယ် ဆိုင်ရာ လိုအပ်ချက်အခက်အခဲ များကို တင်ပြကြပြီး မကွေးတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့မှ တာဝန်ရှိသူများကပြန်လည် ရှင်းလင်းဆွေးနွေးကာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌေးက လွှတ်တော် တွင် ဖွဲ့စည်းထားသော ကော်မတီ များ၏ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ် များ၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌသည် မကွေး တိုင်းဒေသကြီး လွှတ်တော်အစည်း အဝေးခန်းမအား ကြည့်ရှုစစ်ဆေး ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

သတင်းစဉ်

# စက်မှုဇုန်(၂) ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်မည်

**မန္တလေး မေ ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း၊ ပြည်ကြီး တံခွန်မြို့နယ်အတွင်းရှိ စက်မှုဇုန် (၂)ခွဲရုံရှိ 132/11KW, 45 MVA ထရန်စဖော်မာ၏ 11 KW Main-2 မှ ဓာတ်အားရ ယူထားသော 11 KWzD'g-F သည် မေ ၉ ရက်တွင် Panel အတွင်း အပြစ်ဖြစ်ပွားခဲ့သဖြင့် စစ်ဆေးရာ Post Insulator များရေငွေ့ရိုက်ခြင်း၊ Current TransfomeronfInsulation ကျဆင်းနေကြောင်း စစ်ဆေးတွေ့ ရှိရသဖြင့် အရေးပေါ်ပြုပြင်ပြီး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးခဲ့ သည်။

ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ အလုပ်နားသည့် မေ ၁၅ ရက် ဥပုသ်နေ့တွင် ၄င်းဖီဒါ၏ panel အတွင်းရှိ Bus Bar,Post Insula tor&Cable Termnation Kit ပြန်လည်ပြုပြင်ခြင်း များဆောင်ရွက်မည်ဖြစ်သဖြင့် မေ ၁၅ ရက် ဥပုသ်နေ့ နံနက် ၉နာရီ မှ မွန်းလွဲ၂နာရီအထိ ပြည်ကြီး တံခွန်မြို့နယ် စက်မှုဇုန်(၂)၊ (ည) ရပ်ကွက်၊ (ဈ)ရပ်ကွက်များ ဓာတ်အားပြတ်တောက်မည်ဖြစ် ကြောင်း မန္တလေးလျှပ်စစ်ဓာတ် အားပေးရေးကော်ပိုရေးရှင်း ပြည် ကြီးတံခွန်လျှပ်စစ်မန်နေဂျာရုံးမှ အသိပေးထားသည်။ (၀၄၅)



# ဈေးကွက်အတွင်း ဆေးဝါးပြတ်လပ်မှုမရှိဘဲ ပုံမှန်အရောင်းအဝယ်ပြုလုပ်လျက်ရှိ

**မန္တလေး မေ ၁၄**

မန္တလေးမြို့ရှိ ဆေးဝါးဈေး ကွက်အတွင်း နှလုံးနှင့် သွေးတိုး ရောဂါသုံး ဆေးဝါးများအပါအဝင် အခြေခံဆေးဝါးများမှာ ပြတ်လပ် မှုမရှိဘဲ ပုံမှန်အတိုင်း အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရ သည်။

ပြည်ပမှ ဆေးဝါးတင်သွင်း မှု လုပ်ငန်းစဉ်များနှင့် သယ်ယူ ပို့ဆောင်ရေး အခြေအနေများ ကြောင့် ကုန်စည်စီးဆင်းမှုတွင် ယခင်ကထက် အနည်းငယ်ကြန့် ကြာမှုများရှိနေသော်လည်း လက် ကားဈေးကွက်အတွင်း ဆေးဝါး များ အလုံအလောက်ရှိနေကြောင်း ဆေးဝါးတင်သွင်း ဖြန့်ချိသူများ က အတည်ပြုပြောကြားသည်။

"ဈေးကွက်ထဲမှာ ဆေးဝါး တွေကတော့ ပုံမှန်အတိုင်း ရှိနေပါ တယ်။ အဝင်ပိုင်းမှာ သယ်ယူ ပို့ဆောင်ရေးကြောင့် နည်းနည်း လေး နောက်ကျတာမျိုးပဲရှိတာ ပါ။ ပြည်သူတွေအနေနဲ့ ဆေးဝါး ပြတ်လပ်မှာကို စိုးရိမ်ပြီး အဆ မတန် ဝယ်ယူစုဆောင်းဖို့ မလိုအပ် ပါဘူး"ဟု မန္တလေးမြို့ရှိ ဆေးဝါး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ ဆေးဝါးများမှာ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ အဓိက ဝင်ရောက်လျက်ရှိပြီး ဆေးဝါး အမျိုးအစားအလိုက် အစားထိုး သုံးစွဲနိုင်သည့် အမှတ်တံဆိပ်များ စွာလည်း ရှိနေသည့်အတွက် ဈေး ကွက်အတွင်း လိုအပ်ချက်ကိုဖြည့် ဆည်းပေးနိုင်သည့် အခြေအနေ တွင်ရှိနေကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-စ)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

## စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မေ ၁၄

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ထဲမှ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဲကောင်းလက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အကြီးအကဲများ၏ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူ ၁၁၅ ဦးထိရှိပြီဖြစ်ကြောင်း၊ လက်ရှိချိန်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)ခု ဖွင့်လှစ်တက်ရောက်လေ့ကျင့်လျက်ရှိကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့များအနေဖြင့် အင်အားအချက်အလက်အမှန်ရရှိရေး မိမိနယ်မြေအတွင်း အကျုံးဝင်သူ အင်အားစာရင်းကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့်ပေါင်းစပ်၍ စာရင်းပြုစုမှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ မှတ်ပုံတင်ထားသူများကို အလှည့်ကျစနစ်ဖြင့် ဆင့်ခေါ်နိုင်ရေး စီမံထားရှိရမည်ဖြစ်ကြောင်း။

ယခုအခါ စစ်မှုထမ်းကာလပြည့်မြောက်၍ တာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို သက်ဆိုင်ရာသင်တန်းများပေး၍ အစိုးရအမှုထမ်း၊ ပြည်ပအလုပ်အကိုင်များ၊ ကုမ္ပဏီအလုပ်အကိုင်များ၊ ပုဂ္ဂလိကအလုပ်အကိုင်များ၊ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေးစတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံ-ရုရှား ဆက်ဆံရေး (၃၅)နှစ်ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံ-ရုရှား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကာလရှည်ကြာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

## အစိုးရသစ်၏ ရက် (၁၀၀)စီမံကိန်းအဖြစ် ဆောင်ရွက်မည့် နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်စီမံချက်စတင်ကြောင်း အသိပေးအခမ်းအနားကျင်းပ



နေပြည်တော် မေ ၁၄

ကျန်းမာရေး ဝန်ကြီးဌာနက အစိုးရသစ်၏ ရက်ပေါင်း (၁၀၀) အတွင်း ဆောင်ရွက်မည့် စီမံကိန်းတစ်ခုဖြစ်သည့် နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်စီမံချက် စတင်ကြောင်း အသိပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ စီမံချက်ဆောင်ရွက်မည့် ဆေးရုံများမှ ပါမောက္ခများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ် စီမံချက်ကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ပိုမိုချစ်ကြည်ရင်းနှီးမှုနှင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှန်ကျန်း ကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့် နည်းပညာကုမ္ပဏီ Benefm မှ ဒုတိယဥက္ကဋ္ဌ Mr. Hu Cheng က စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နှလုံးဆေးကု)ပါမောက္ခဒေါက်တာနွယ်နွယ်က နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်စီမံချက် အကောင်အထည်ဖော်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ် ဆောင်ရွက်ခြင်း ဗီဒီယိုနှင့် လူနာများတွင် AI ECG တပ်ဆင်ထားသည့် ဝတ်စုံများကို ဝတ်ဆင်၍ နှလုံးရောဂါအန္တရာယ်ကိုဆော့ဖ်ဝဲလ်များဖြင့် အဖြေထုတ်မှုကို ပြသသည်။

မြန်မာနိုင်ငံ နှလုံးရောဂါအန္တရာယ် အကဲဖြတ်စနစ်စီမံချက်သည် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် ကန်သာယာဆေးရုံတို့တွင် လူဦးရေတစ်သိန်းကို တစ်နှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း လွှမ်းခြုံဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ နှလုံးရောဂါဖြစ်နိုင်ခြေများသူများ၊ အားကစားသမားများ၊ လေယာဉ်မောင်းနှင်သူ (Pilot) များ၊ အဝေးပြေးယာဉ်၊ ခရီးသည်တင် ယာဉ်မောင်းများ သက်သောင့်သက်သာ ဝတ်ဆင်နိုင်သော AI ECG တပ်ဆင်ထားသည့် ဝတ်စုံကိုအသုံးပြု၍ မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို မထိခိုက်စေဘဲ ၂၄ နာရီပတ်လုံး နှလုံးရောဂါအန္တရာယ် စစ်ဆေးမှုကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား ၁၀ ဦးအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၁၄

နိုင်ငံတော် အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်နှင့် မေ ၁၃ ရက်တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ ကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် သတင်းအားထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေခြင်း မရှိစေရေး ဆက်လက်ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၃ ရက် ညနေ ၅ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် မီတာ ၄၂၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ပေ ၂၄၀၊ အနံ ပေ ၆၀ ရှိ အဆောက်အအုံတစ်လုံး၊ အလျား ၁၃၂ ပေ၊ အနံ ပေ ၄၀ ရှိ လုပ်ငန်းသုံးအဆောင်တစ်လုံး၊ အလျား ၈၄ ပေ၊ အနံ ပေ ၄၀ ရှိလုပ်ငန်းသုံးအဆောင် နှစ်လုံး၊ အလျား ပေ ၇၀၊ အနံ ၂၅ ပေရှိ ရှင်းလင်းဆောင် တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ၁၀ ပေရှိလူနေဆောင် တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀ ရှိလူနေဆောင် နှစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိလူနေဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိလူနေဆောင်တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေခန့်ရှိသုံးခန်းတွဲ အိမ်သာ တစ်လုံး၊ မီးရှို့ဖျက်ဆီးထားသည့် ဒိုဇာ တစ်စီး၊ အလျား ပေ ၃၀၊ အနံ ၁၅ ပေခန့်ရှိ လူနေဆောင် တစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ၃၆ ပေရှိ လောင်းကစားရုံ နှစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၀ ပေရှိ အိမ်သာ တစ်လုံး၊ အလျား ပေ ၄၀၊ အနံပေ ၄၀ ရှိ စားချက်ဆောင် တစ်လုံး၊ အလျား ၄ ပေ၊ အနံ ၃ ပေရှိစားပွဲခုံ ၂၅၇ လုံး၊ ၄ ပေပတ်လည် သံစားပွဲခုံ ၂၆ လုံး၊ Outdoor Aircon ၁၀ လုံး၊ အလျား ၈ ပေခွဲ စားပွဲခုံ တစ်လုံး၊ ခုတင် ၁၇ လုံး၊ မွေ့ရာ ၄ လက်မ ၂၂ လုံး၊ Indoor Aircon ငါးလုံး၊ ရေခဲသေတ္တာ (အသေး) ခြောက်လုံး၊ ရေခဲသေတ္တာအကြီး လေးလုံး၊ ထမင်းပေါင်းအိုး ခြောက်လုံး၊ ရေခဲသေတ္တာအရှည် ရှစ်လုံး၊ မီးစက်အကြီး နှစ်လုံး၊ မျက်စိစမ်းသပ်စက် တစ်လုံး၊ စားပွဲတင်ပန်ကာ အသေး ၆၃ လုံး၊ ဖဲခုံ ငါးခုံ၊ မာကျောက် နှစ်စုံ၊ ငါးပစ်ဂိမ်းခုံ လေးခုံ၊ ဘီလီယက်ခုံ သုံးခုံ၊ စလော ဂိမ်းခုံ ခုနစ်ခုံ၊ တံခါးသုံးပေါက်ပါ ရေခဲသေတ္တာ တစ်လုံး၊ ဂက်စ်မီးဖို နှစ်လုံး၊ ဂက်စ်အိုး ၁၅လုံး၊ ပန်ကာအရှည် ၃၈ လုံး၊ Power Station သုံးလုံး၊ သုံးထပ်သားပြား ၃၉၈ ချပ်၊ ဆန်အိတ် ၄၈ အိတ်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ယနေ့တွင်လည်း လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက် သံလွင်မြစ်ကမ်း တစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့နံနက် ၁၀ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် မီတာ ၄၀၀၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ပေ ၅၀၊ အနံ ပေ ၂၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ လူနေမိုးကာတဲ လေးလုံး၊ နားနေဆောင်တဲ တစ်လုံး၊ မီးဖိုဆောင်တဲ တစ်လုံး၊ ဂက်စ်အိုး ၂၂ လုံး၊ ရေခဲသေတ္တာ လေးလုံး၊ ထမင်းပေါင်းသေတ္တာ တစ်လုံး၊ လက်ဆွဲမီးစက်အကြီး တစ်လုံးနှင့် Desk Top တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ယနေ့မွန်းလွဲ ၃ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် မီတာ ၄၄၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား တစ်ဦးနှင့် မက်မန်းမြို့၏ အနောက်တောင်ဘက်မီတာ ၄၄၅၀၀ ခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား ကိုးဦး စုစုပေါင်း တရားမဝင်တရုတ်နိုင်ငံသား ၁၀ ဦးတို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိအွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်းတရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် ပါဝင်သူများနှင့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများ ထပ်မံဖမ်းဆီးရမိမှုနေရာပြပုံ။









မေလ ၁၃ ရက်နေ့က သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများ ထပ်မံဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား ၁၀ ဦးကို တွေ့ရစဉ်။







မေလ ၁၄ ရက်နေ့က သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တရားမဝင်အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

# အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် အလည်အပတ်ရောက်ရှိလာ
# တရုတ်သမ္မတရှီကျင့်ဖျင်က ပြည်သူ့ခန်းမဆောင်ကြီး၌ လက်ခံတွေ့ဆုံ

**ပေကျင်း မေ ၁၄**

တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ခေတ်သစ်ကာလတွင် နိုင်ငံကြီးများအချင်းချင်း သင့်တင့်လျောက်ပတ်စွာ ဆက်ဆံနိုင်မည့် မှန်ကန်သော နည်းလမ်းကို ရှာဖွေသင့်သည်ဟု သမ္မတ ရှီကျင့်ဖျင်က မေ ၁၄ ရက်တွင် ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။



ပေကျင်းမြို့တော်ရှိ ပြည်သူ့ခန်းမဆောင်ကြီးတွင် ဧည့်သည်တော် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးစဉ်အတွင်း ရှီကျင့်ဖျင်က ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုများထက် တူညီသော အကျိုးစီးပွားများက ပိုမိုများပြားကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုသည် အခြားတစ်နိုင်ငံအတွက် အခွင့်အလမ်းဖြစ်ကြောင်းနှင့် တည်ငြိမ်သော နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာကြီးအတွက် ကောင်းမွန်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစလုံးသည် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ပြီး ထိပ်တိုက်တွေ့ခြင်းဖြင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ နိုင်ငံများသည် ပြိုင်ဘက်များ မဟုတ်ဘဲ မိတ်ဖက်များသာ ဖြစ်သင့်ကြောင်းနှင့် အချင်းချင်းအောင်မြင်အောင် ကူညီကာ အတူတကွ ထွန်းကားလာစေရန် ဆောင်ရွက်သင့်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ဆိုသည်။

ရာစုနှစ်တစ်ခုအတွင်း မကြုံစဖူးသော အပြောင်းအလဲများသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မြန်ဆန်လာနေပြီး နိုင်ငံတကာ အခြေအနေမှာလည်း ကမ္ဘာကြီးသည် အလှည့်အပြောင်းတစ်ခုသို့ ရောက်ရှိနေပြီဟုလည်း ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ပြည်တွင်းဝယ်လိုအား လျော့နည်းခြင်းကြောင့် ပထမသုံးလပတ် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေး

**ဘန်ကောက် မေ ၁၄**

ပြည်တွင်းဝယ်လိုအား လျော့နည်းခြင်းနှင့် အီရန်ပဋိပက္ခတို့ကြောင့် ခရီးသွားလုပ်ငန်း နှေးကွေးခြင်းတို့က အေအိုင်နည်းပညာအခြေပြု ပို့ကုန်များ၏ အားကောင်းမှုကို လျော့ပါးစေခဲ့သဖြင့် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်အတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် နှေးကွေးခဲ့ပြီး သုံးလပတ်အလိုက် တိုးတက်မှုမှာလည်း အနည်းငယ်သာ ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မေလ ၈ ရက်မှ ၁၄ ရက်အတွင်း စီးပွားရေးပညာရှင် ၁၇ ဦးအား ကောက်ယူခဲ့သော စစ်တမ်းအရ ခရီးသွားလုပ်ငန်းအပေါ် မှီခိုနေရသော ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ဇန်နဝါရီလမှ မတ်လအထိ ကာလအတွင်း ယခင်နှစ် အလားတူကာလထက် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ဖွယ်ရှိပြီး ၎င်းမှာ ယခင်သုံးလပတ်၏ ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုထက် လျော့နည်းသွားခြင်းဖြစ်သည်။ ခန့်မှန်းချက်များမှာ အနိမ့်ဆုံး ၁ ဒသမ ၀ ရာခိုင်နှုန်းမှ အမြင့်ဆုံး ၃ ဒသမ ၀ ရာခိုင်နှုန်းအထိ ရှိနေသည်။

ရာသီအလိုက် ညှိနှိုင်းထားသော သုံးလပတ်အခြေခံအရ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ၀ ဒသမ ၁ ရာခိုင်နှုန်းသာ မြင့်တက်လာဖွယ်ရှိသည်ဟု စီးပွားရေးပညာရှင် ရှစ်ဦး၏ ပျမ်းမျှခန့်မှန်းချက်အရ သိရသည်။

အဆိုပါ ခန့်မှန်းချက်များမှာ ၁ ဒသမ ၀ ရာခိုင်နှုန်း ကျဆင်းမှုမှ ၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုအထိ ကွာဟချက်များ ရှိနေကြောင်း သိရသည်။ **Mon**

## တရုတ်နှင့်အမေရိကန် စွမ်းအင်ဆက်ဆံရေးကို တိုးချဲ့ခြင်းက နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်စေမည်

**ပေကျင်း မေ ၁၄**

တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့အကြား စွမ်းအင်ဆိုင်ရာဆက်ဆံရေးကို တိုးချဲ့ခြင်းသည် ကမ္ဘာ့ဈေးကွက်၏ ပြောင်းလဲနေသော အခြေအနေများကြားတွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်စေမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အမေရိကန်၏ စွမ်းအင်ပို့ကုန်တိုးတက်မှုနှင့် တရုတ်နိုင်ငံ၏ ကြီးမားသော ဈေးကွက်ဝယ်လိုအားတို့သည် အပြန်အလှန်ဖြည့်ဆည်းပေးနိုင်သည့် အနေအထားတွင်ရှိကြောင်း တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း၏ စီးပွားရေးနှင့် နည်းပညာသုတေသနဌာနမှ ကျွမ်းကျင်သူ လျူကျားက ပြောကြားသည်။

အမေရိကန်က ၎င်း၏ သဘာဝဓာတ်ငွေ့ရည် အခြေခံအဆောက်အအုံများကို လျင်မြန်စွာ တိုးချဲ့လျက်ရှိပြီး ၂၀၂၈ ခုနှစ်တွင် ပို့ကုန်ပမာဏမှာ တစ်နှစ်လျှင် မက်ထရစ်တန် သန်း ၁၅၀ အထိ ရှိလာမည်ဟု ခန့်မှန်းထားသဖြင့် ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမေရိကန်၏ သဘာဝဓာတ်ငွေ့ရည် စီမံကိန်းအသစ်များအတွက် လိုအပ်သောရန်ပုံငွေနှင့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ရေရှည်ဝယ်ယူမည့်သူများ၏ ခိုင်မာမှုလိုအပ်နေသဖြင့် ယင်းကဲ့သို့ တိုးချဲ့မှုများက မိတ်ဖက်အဖွဲ့အစည်းများအတွက် မဖြစ်မနေ လိုအပ်သော ဖွဲ့စည်းပုံဆိုင်ရာ အခင်းအကျင်းကို ဖန်တီးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ယွမ်ငွေတန်ဖိုး ထိုးတက်လာ အဓိကရှယ်ယာအညွှန်းကိန်းများ ပြန်လည်ကျဆင်းသွား

**ပေကျင်း မေ ၁၄**

ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲမှ သတင်းအချက်အလက်သစ်များကို ရင်းနှီးမြှုပ်နှံသူများက စောင့်ဆိုင်းနေစဉ် မေ ၁၄ ရက်တွင် တရုတ်ယွမ်ငွေတန်ဖိုးသည် ဒေါ်လာနှင့်နှိုင်းယှဉ်ပါက သုံးနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ တက်လှမ်းခဲ့ပြီး အဓိကရှယ်ယာအညွှန်းကိန်းများမှာမူ မကြာသေးမီက စံချိန်တင်ခဲ့သော အမြင့်ဆုံးနှုန်းထားများမှ ပြန်လည်ကျဆင်းသွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗဟိုဘဏ်က တရားဝင်လမ်းညွှန်ငွေလဲနှုန်းကို မြှင့်တင်လိုက်ပြီးနောက် ပြည်တွင်းနှင့် ပြည်ပဈေးကွက် နှစ်ခုလုံးတွင် အရောင်းအဝယ်ပြုလုပ်နေသော တရုတ်ယွမ်ငွေ တန်ဖိုးသည် သုံးနှစ်ကျော်ကာလအတွင်း အားအကောင်းဆုံးအဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

တရုတ်ပြည်သူ့ဘဏ်သည် အလယ်အလတ် ငွေလဲနှုန်းကို တစ်ဒေါ်လာလျှင် ၆ ဒသမ ၈၄၀၁ ယွမ်အဖြစ် သတ်မှတ်ခဲ့ပြီး ၎င်းမှာ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်နောက်ပိုင်း အားအကောင်းဆုံးနှုန်းထားဟုဆိုရမည် ဖြစ်သည်။

သို့ရာတွင် တရားဝင်သတ်မှတ်နှုန်းထားမှာ မူလခန့်မှန်းချက်ဖြစ်သော ၆ ဒသမ ၇၈၈၈ ထက် ၅၁၃ ပစ်ပ်ခန့် လျော့နည်းနေပြီး ၎င်းမှာ မတ် ၂ ရက်နောက်ပိုင်း အကြီးမားဆုံး ကွာဟချက်ဖြစ်ကြောင်း သိရသည်။

**Mon**

## ထိုင်းမြောက်ပိုင်း၊ အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများ ရှိလာနိုင်သည်ဟု ခန့်မှန်းထား

**ဘန်ကောက် မေ ၁၄**

ထိုင်းနိုင်ငံတွင် မေ ၁၄ ရက်မှ လာမည့်အပတ် အစောပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အလွန်သည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်း၊ အလယ်ပိုင်း လွင်ပြင်ဒေသ၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ရှိလာနိုင်ကြောင်း မိုးလေဝသဌာန၏ ညွှန်ကြားရေးမှူးချုပ် ဆူဂန်ညာနီ ယာဗင်ချန်းက ထုတ်ဖော်ပြောကြားသည်။

ထိုကာလအတွင်း အထူးသဖြင့် တောင်စောင်းဒေသများ၊ ရေလမ်းကြောင်းများနှင့် မြေနိမ့်ပိုင်းဒေသများတွင် ရုတ်တရက်ရေကြီးခြင်းနှင့် တောင်ကျရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သည်ဟု ၎င်းက ဆိုသည်။

ဘင်္ဂလားပင်လယ်အော် အထက်ပိုင်းသို့ ရွေ့လျားနေသော လေဖိအားနည်းရပ်ဝန်းကြောင့်လည်းကောင်း၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံနှင့် ထိုင်းပင်လယ်ကွေ့တို့တွင် အနောက်တောင်မုတ်သုံလေ အားကောင်းလာခြင်းကြောင့်လည်းကောင်း ယခုကဲ့သို့ မိုးလေဝသအခြေအနေကို ခန့်မှန်းရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ပိုင်းရပ်စ်ကူးစက်ခဲ့သော သင်္ဘောပေါ်မှ ခရီးသည်ခြောက်ဦး နယ်သာလန်မှ ဩစတြေးလျသို့ လေကြောင်းဖြင့် ရောက်လာမည်

**ကင်ဘာရာ မေ ၁၄**

ဟန်တာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားခဲ့သော အပျော်စီးသင်္ဘောပေါ်တွင် လိုက်ပါခဲ့သည့် ခရီးသည် ခြောက်ဦးသည် နယ်သာလန်နိုင်ငံမှတစ်ဆင့် ဩစတြေးလျနိုင်ငံသို့ အကာအကွယ်ဝတ်စုံ အပြည့်အစုံဝတ်ဆင်လျက် မေ ၁၄ ရက်တွင် လေကြောင်းခရီးဖြင့် ရောက်လာမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျနိုင်ငံသား လေးဦး၊ ဩစတြေးလျတွင် နေထိုင်သည့် ဗြိတိန်နိုင်ငံသားတစ်ဦးနှင့် နယူးဇီလန်နိုင်ငံသားတစ်ဦးတို့ ပါဝင်သော အဆိုပါ ခရီးသည်ခြောက်ဦးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ရောဂါလက္ခဏာတစ်စုံတစ်ရာ ပြသခြင်းမရှိသည့်အပြင် မကြာသေးမီက စစ်ဆေးထားသော ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စစ်ဆေးမှုတွင်လည်း ပိုးမတွေ့ရှိကြောင်း ရလဒ်ထွက်ပေါ်ထားသည်ဟု ကျန်းမာရေးဝန်ကြီး မာ့ခ်ဘတ္တလာက ကင်ဘာရာမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဩစတြေးလျအစိုးရက အထူးလေယာဉ်နှင့် လေယာဉ်အဖွဲ့သားများကို စီစဉ်ဆောင်ရွက်ပေးထားပြီး ယင်းလေယာဉ်သည် နယ်သာလန်နိုင်ငံမှ မေ ၁၄ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၇ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ကာ လိုက်ပါလာသူအားလုံး တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို ဝတ်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။



**Mon**

## မီးဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်

**မောက်မယ် မေ ၁၄**

ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရက်(၁၀၀)ကာလ ဈေးတန်းရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် ကုန်စုံဆိုင်များ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိအား တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းစစ်ဆေးခြင်းကို မေ ၁၂ ရက် နံနက် ၈ နာရီက အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်က ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များ၊ ကုန်စုံဆိုင်များ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးဘေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျရှိစေရေး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များနှင့် မီးသတ်ဆေးဘူးများ၊ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးဖိုဆောင်အတွင်း မီးဘေးလုံခြုံမှုရှိစေရေး၊ မီးဖိုဆောင်သုံးပစ္စည်းများ စနစ်တကျ ဆောင်ရွက်ထားရှိရန်၊ မိမိနေအိမ် ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သော အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ စနစ်တကျ သန့်ရှင်းရေးများ ပြုလုပ်ထားရန်နှင့် မီးသတ်ဆေးဘူး အသုံးပြုပုံများအား ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သရက်နှင့် အောင်လံခရိုင်တို့တွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့လေ့ကျင့်လျက်ရှိ



**သရက် မေ ၁၄**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ခရိုင်မီးသတ်ဦးစီးမှူးမှ အနီးကပ် ကြီးကြပ်၍ သရက်နှင့် အောင်လံခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနများတွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့လေ့ကျင့်လျက်ရှိသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးလှိုင်၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ထွေးတို့က ကြီးကြပ်ပြီး သရက်ခရိုင်လေးမြို့နယ်နှင့် အောင်လံခရိုင်နှစ်မြို့နယ်တို့တွင် တစ်မြို့နယ်လျှင် ဦးစီးအရာရှိတစ်ဦး စုစုပေါင်းတပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် စနစ်တကျ ဖွဲ့စည်းထားပြီး ရေဘေး၊ လေဘေး၊ မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်စွာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**ပြည်ကြီးတံခွန် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွား၊ မပေါ်ပေါက်စေရေးအတွက် ယနေ့နံနက်ပိုင်းက စတင်၍ စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ သိုလှောင်ရုံများအား မီးဘေးလုံခြုံရေး စစ်ဆေးခဲ့သည်။

အဆိုပါ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးက ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ရှစ်ဦးနှင့် စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ 191 Report Application ထည့်သွင်းပေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများအား သတ်မှတ်ချက်နှင့် ပြည့်မီစွာထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးသုံးဦး သေဆုံး၊ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**သထုံ မေ ၁၄**

မွန်ပြည်နယ်၊ သထုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးသုံးဦး သေဆုံး၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ မေ ၁၀ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သထုံ-ဘားအံသွားကားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သုဓမ္မဝတီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သထုံ-ဘားအံသွားကားလမ်းအတိုင်း ဘားအံမြို့မှ သထုံမြို့ဘက်သို့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်နေ ဦးနေလင်းစိုး(၃၀)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်ဘက်မှ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာနေ မဇူလိုင်မိုး(၂၀)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်သည့် မနေခြည်ကျော်(၁၉)နှစ်နှင့် မအေးအေးအောင်(၁၉)နှစ်ဆိုသူတို့ လိုက်ပါလာသော HONDA DREAM 125 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် မဇူလိုင်မိုး၊ မနေခြည်ကျော်နှင့် မအေးအေးအောင်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးနေလင်းစိုးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဦးနေလင်းစိုးဆိုသူအား သုဓမ္မဝတီနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဆိုင်ကယ်နှစ်စီး တိုက်မိမှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး၍ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပျော်ဘွယ် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၌ ဆိုင်ကယ်နှစ်စီး တိုက်မိမှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး၍ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်းကျေးရွာအနီး ပျော်ဘွယ်-ဘုရားငါးဆူကားလမ်း မိုင်တိုင်အမှတ် ၁၀ မိုင်နှင့် ၁၀ မိုင် ၁ ဖာလုံကြား၌ ဆိုင်ကယ်တိုက်မိမှု ဖြစ်ပွားကြောင်း သတင်းအရ ရွှေညောင်ဖူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သာစည်မြို့မှ ပျော်ဘွယ်မြို့ဘက်သို့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ပန်းညိုကျေးရွာနေ မင်းထက်နိုင်(၂၀)နှစ်ဆိုသူမောင်းနှင်ပြီး တစ်ရွာတည်းနေ နေဆန်း(၂၅)နှစ်ဆိုသူ လိုက်ပါလာသည့် HONDA 110 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ တလင်းကုန်းကျေးရွာနေ ဦးတိုးနိုင်(၃၃)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်အေးမြင့်စိန်(၃၂)နှစ်နှင့် ဒေါ်ဖြူမ(၃၂)နှစ်ဆိုသူတို့ လိုက်ပါလာသည့် SKYGO သုံးဘီးဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် နေဆန်းဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိ၍ သေဆုံးသွားခဲ့ပြီး မင်းထက်နိုင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် မင်းထက်နိုင်ဆိုသူအား ရွှေညောင်ဖူးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**သရက် မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပြည်တော်အေးရပ်ကွက်၌ မေ ၁၁ ရက် နံနက် ၅ နာရီခွဲက လုံးပတ် ၇ ပေ၊ အမြင့် ၄၅ ပေခန့်ရှိ စိန်ပန်းပင်သည် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် သရက်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၂၀ တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






## ကိုပါအီတာလီယာဖလား ချန်ပီယံဆုကို အင်တာမီလန်အသင်း ဆွတ်ခူး

**မီလန် မေ ၁၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ချန်ပီယံဆုကို အင်တာမီလန်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။




အင်တာမီလန်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲစဉ်တွင် လာဇီယိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စီးရီးအေ ချန်ပီယံဆု၊ ကိုပါအီတာလီယာဖလား ချန်ပီယံဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အင်တာမီလန်အသင်း၏ ထုတ်ပြန်ချက်တွင် ''ကိုပါအီတာလီယာဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားခဲ့တဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်''ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## မေဂျာလိဂ်ပြိုင်ပွဲတွင် လစာအများဆုံးကစားသမားအဖြစ် မက်ဆီ ရပ်တည်

**လန်ဒန် မေ ၁၄**

၂၀၂၆ခုနှစ်အတွက် မေဂျာလိဂ်ပြိုင်ပွဲတွင် လစာအများဆုံးကစားသမားအဖြစ် အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး မက်ဆီက ရပ်တည်နိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ခုနှစ်အတွက် အခြေခံလစာ ဒေါ်လာ ၂၈ ဒသမ ၃၃ သန်းအထိ ရရှိမည်ဖြစ်သောကြောင့် မေဂျာလိဂ်ပြိုင်ပွဲတွင် လစာအများဆုံး ကစားသမားအဖြစ် ရပ်တည်လာနိုင်ခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး မက်ဆီသည် ၂၀၂၄၊ ၂၀၂၅၊ ယခု ၂၀၂၆ သုံးနှစ်ဆက်တိုက် မေဂျာလိဂ်၏ လစာအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

တိုက်စစ်မှူး မက်ဆီအနေဖြင့် ကြော်ငြာစသည့် တခြားဝင်ငွေများပါ ထည့်တွက်မည်ဆိုပါက အင်တာမိုင်ယာမီအသင်းတွင် တစ်နှစ်လျှင် ဒေါ်လာ သန်း ၇၀မှ သန်း ၈၀ ကြား ရရှိသွားမည် ဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၀၁ ပွဲကစားကာ ၈၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။ (အောက်ပုံ)

(NGB)



## ဖရန်စစ္စကိုထရင်ကာအိုကို ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် မေ ၁၄**

ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့သည် စပို့တင်းလစ္စဘွန်းအသင်း၏ တောင်ပံကစားသမား ဖရန်စစ္စကိုထရင်ကာအိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၆ ပွဲကစားပြီး ၄၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းကလည်း ဖရန်စစ္စကိုထရင်ကာအိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် လီဗာပူးတို့အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းမှ ဖရန်စစ္စကိုထရင်ကာအိုကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)





## မန်စီးတီးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် မေ ၁၄**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်စီးတီးအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃၂မိနစ်တွင် ဆီမီညို၊ ပွဲချိန် မိနစ် ၄၀ တွင် မာမွတ်ချ်၊ ပွဲချိန် ၈၄ မိနစ်တွင် ဆာဗင်ဟိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၃၆)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၇ မှတ်ဖြင့် အဆင့် (၂)နေရာတွင် ရပ်တည်လျက်ရှိသည်။ (အပေါ်ပုံ)

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၃၇)အဖြစ် လာမည့် မေ ၂၀ ရက်တွင် ဘုန်းမောက်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ (NGB)

## ဟန်ဆီဖလစ်ခ် ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ဘာစီလိုနာ မေ ၁၄**

ဘာစီလိုနာအသင်းသည် အသင်းနည်းပြ ဟန်ဆီဖလစ်ခ်ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘာစီလိုနာအသင်းကို ဆုဖလား ငါးလုံး ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

နည်းပြ ဟန်ဆီဖလစ်ခ်သည် ဘာစီလိုနာအသင်းကို ၂၀၂၄ ခုနှစ် မေ ၂၉ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၁၄ ပွဲတွင် ၈၇ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ၁၇ ပွဲ ရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၆၁)နှစ်အရွယ်ရှိ ဟန်ဆီဖလစ်ခ်က ''ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ''ဟု ပြောသည်။

(အောက်ပုံ) (NGB)



## နှစ်ပေါင်း (၂၁)နှစ်အကြာမှ ဘက်တစ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့် ပြန်လည်ရရှိ

**မက်ဒရစ် မေ ၁၄**

ဘက်တစ်အသင်းသည် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီနောက်ပိုင်း နှစ်ပေါင်း (၂၁)နှစ်အကြာမှ ချန်ပီယံလိဂ်ဝင်ခွင့် ပြန်လည်ရရှိခဲ့ပြီဖြစ်သည်။

ဘက်တစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် (၃၆)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၅၇ မှတ်ဖြင့် အဆင့် (၅)နေရာတွင် ရပ်တည်ပြီး အဆင့် (၆)နေရာမှ ဆဲလ်တာဗီဂိုအသင်းအား ၇ မှတ်အထိဖြတ်ထားနိုင်မှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ချန်ပီယံလိဂ်ဝင်ခွင့်ကို ရရှိခဲ့ပြီဖြစ်သည်။

ဘက်တစ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက်အောင်ပွဲခံခဲ့ကြသည်။

လာမည့် ဘောလုံးရာသီတွင် စပိန်လာလီဂါက ချန်ပီယံလိဂ်ဝင်ခွင့် (၅)နေရာရရှိသွားမည်ဖြစ်ပြီး ဘက်တစ်၊ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်၊ ဗီလာရီးရဲလ်၊ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။ (အောက်ပုံ) (NGB)





## 2026 Gonet Geneva Open တင်းနစ်ပြိုင်ပွဲ မေ ၁၇ ရက်တွင် စတင်မည်

**ဂျနီဗာ မေ ၁၄**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Gonet Geneva Open တင်းနစ်ပြိုင်ပွဲ လာမည့် မေ ၁၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Gonet Geneva Open တင်းနစ်ပြိုင်ပွဲကို မေ ၁၇ရက်မှ ၂၄ရက်အထိ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 Gonet Geneva Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Gonet Geneva Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဘိုဝင် ဝက်စ်ဟမ်းအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၁၄**

တိုက်စစ်မှူး ဘိုဝင်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဝက်စ်ဟမ်းအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဘိုဝင်သည် ဝက်စ်ဟမ်းအသင်းနှင့် အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၈ ပွဲကစားပြီး ၈၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဝက်စ်ဟမ်းအသင်း၏ ထုတ်ပြန်ချက်တွင် ''ဘိုဝင် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ''ဟု ထုတ်ပြန်သည်။

(NGB)

**အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၇)** နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၆-၅-၂၀၂၆ | (၅)အက်စတွန်ဗီလာ - လီဗာပူး(၄) | အက်စတွန်ဗီလာ ၂-၂ လီဗာပူး |
| နံနက် ၀၁း ၃၀နာရီ | (L,L,L,W,D) (L,W,W,L,D) | လီဗာပူး ၂-၀ အက်စတွန်ဗီလာ |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး မေ ၁၄**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် Grade-6 မှစတင်ကာ တစ်ပတ်စာသင်ချိန်တွင် စက်မှုဘာသာရပ်(၁)ချိန်၊ စိုက်ပျိုးရေးဘာသာရပ်(၁)ချိန်၊ မွေးမြူရေးဘာသာရပ်(၁)ချိန် သင်ကြားပို့ချနိုင်ရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ရာဇာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ တက္ကသိုလ်အသီးသီးမှ သင်တန်းနည်းပြများ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၅)ခုတို့ရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ အလယ်တန်းအဆင့် ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ ၂၆၁ ဦး တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စက်မှုလယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြေခံပညာအလယ်တန်းအဆင့်မှစတင်၍ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အခြေခံကောင်းများ ရရှိစေရန်၊ အလယ်တန်းအဆင့်တွင် သက်မွေးပညာရပ်များ သင်ကြားပေးခြင်းဖြင့် အထက်တန်းအဆင့်တွင် စိတ်ပါဝင်စားသော သက်မွေးပညာရပ်များ ဆက်လက်သင်ကြားနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပါကြောင်း၊ စိတ်ပါဝင်စားစွာဖြင့် သင်ယူမှတ်သားကြပြီး ယခု ဆရာ၊ ဆရာမများက မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများတွင် ဆင့်ပွားသင်ကြားပေးသွားကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူနေသော ကျောင်းသား၊ ကျောင်းသူများအား စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာများကို သင်ယူလေ့လာခွင့်ရရှိနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့အထိ စုစုပေါင်း(၈၉)ကျောင်းရှိပြီး ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် စုစုပေါင်း(၁၀)ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း(၁၅၅၅)ဦး တက်ရောက်ပညာသင်ယူခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း၊ သင်တန်းအား မေ ၁၄ ရက်မှ ၁၈ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မေ ၂၂ ရက်မှ ၂၆ ရက်အထိ သင်တန်းတက်ရောက်ပြီးသူများက ပြန်လည်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

ဝ-ဝ-ဝ-ဝ-ဝ



# တံတားဦးမြို့နယ်၊ အုတ်ကျွတ်ပိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး မေ ၁၄**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ဘလဲ့ဘကျေးရွာအုပ်စု၊ အုတ်ကျွတ်ပိုကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စာသင်ဆောင်အား Telecom International Myanmar Co.,Ltd. (MYTEL) မှ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့ပြီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ Telecom International Myanmar Co.,Ltd. (MYTEL)မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးငလျင်ကြီးဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီလှူဒါန်းခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ Telecom International Myanmar Co.,Ltd .(MYTEL)မှ တာဝန်ရှိသူက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် နေရာတွင် ပေ(၁၂၀)× ပေ(၃၀)ရှိ One Story Steel Structural Building အမျိုးအစား၊ တစ်ထပ်စာသင်ဆောင်အသစ် ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း၊ ကျောင်းအတွက် လိုအပ်သည့်ဆက်စပ်ဖြည့်တင်းခြင်းများနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် အဆောက်အအုံများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီးနောက် Telecom International Myanmar Co.,Ltd. (MYTEL)မှ တာဝန်ရှိသူထံသို့ အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က စာသင်ဆောင်အား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။(**မန္တလေးနေ့စဉ်**)




## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ပျိုးဥယျာဉ်များ ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါ်သီဂီအောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး သစ်တောဦးစီး ဌာနက ၂၀၂၆ ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပွဲတော်များ၌ စိုက်ပျိုး ရန်နှင့် ပြည်သူလူထုသို့ ဖြန့်ဝေ စိုက်ပျိုးရန်အတွက် ပျိုးဥယျာဉ် များ၌ ပြုစုပျိုးထောင်ထားရှိသည့် လူထုဖြန့်ပျိုးပင်များ ရှင်သန်ဖြစ် ထွန်းမှုအခြေအနေကို ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ရေးဦးစွာ မဟာအောင်မြေ ခရိုင်၊ မဟာအောင်မြေမြို့နယ်ရှိ ချမ်းမြ(ယာယီ) ပျိုးဥယျာဉ်၌ ပျိုးထောင်းထားရှိသည့် ကျွန်း၊ မယ်ဇယ်၊ တပေဘူတ၊ မန် ကျည်း၊ပိတောက်၊ စိန်ပန်း၊ ခရေ၊ ယင်းမာ၊ ကုက္ကို စသည့် သစ်မျိုး ၁၄ မျိုးနှင့် ၂၀၂၂ ခုနှစ်မှစတင်၍ နှစ်အလိုက်ပျိုးထောင်ဆောင်ရွက်ခဲ့ သည့် အထူးပျိုးပင်များဖြစ်သည့် ကံ့ကော်၊ ခရေ၊ တမာ၊ ပျဉ်းမ၊ မဟော်ဂနီ၊ သစ်ဖြူ၊ ရေသင်းဝင် စသည့် သစ်မျိုး ၁၀ မျိုး အပင် ၄၂,၀၀၀ ပင် ရှင်သန်အောင်မြင်မှု အခြေအနေအား ကြည့်ရှုစစ်ဆေး ၍ ပျိုးပင်ဖြန့်ဝေဆောင်ရွက်ရာ တွင် အမှန်တကယ် စိုက်ပျိုးလို သည့် ပြည်သူလူထုလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိစေရေး၊ စိုက် ပျိုးသည့် ပျိုးပင်များအားလုံးရှင် သန်အောင်မြင်စေရေး၊ စိုက်ပျိုး သည့် နည်းစနစ် မှန်ကန်စေရေး အတွက် အသိပညာပေးလုပ်ငန်း ဆောင်ရွက်ရေးနှင့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာစာသင် ကျောင်းများ စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရာတွင် အမြဲစိမ်းလန်း၍ အရိပ်ရပင်နှင့် အပွင့်ပွင့်သည့် အပင်များ စိုက်ပျိုးဆောင်ရွက်ရန် တို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသ ကြီး ဝန်ကြီးသည် ပုသိမ်ကြီး မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး၊ မြို့မ(အမြဲတမ်း) ပျိုးဥယျာဉ်၌ ကျွန်း၊ မန်ကျည်း၊ တမာ၊ စိန်ပန်း၊ ယင်းမာ၊ တပေဘူတ စသည့် လူထုဖြန့်ပျိုးပင်သစ်မျိုး ၁၆ မျိုး စုစုပေါင်း ၉၅,၀၀၀ ပင်နှင့် ခရေ၊ ပိတောက်၊ ယင်းမာ၊ မန်ကျည်း၊ တမာ စသည့် အထူးပျိုးပင်သစ် မျိုး ငါးမျိုး စုစုပေါင်း ၅၅,၀၀၀ ပင်၏ ရှင်သန်အောင်မြင်မှု အခြေ အနေအား ကြည့်ရှုစစ်ဆေး၍ နှစ်စဉ်ဖြန့်ဝေခဲ့သည့် ပျိုးပင်များနှင့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် စိုက်ပျိုးခဲ့သည့် အပင်များ ရှင် သန်ကြီးထွားအောင်မြင်အောင် ပြုစုထိန်းသိမ်းဆောင်ရွက်ရန်၊ ပုသိမ်ကြီးမြို့အဝင် မန္တလေး-ချောင်းဝန်းကားလမ်းဘေးဝဲ၊ယာ ကွက်လပ်ဖြစ်သည့် နေရာများတွင် အရိပ်ရပင်များ ထပ်မံဖြည့်စွက် စိုက်ပျိုးရန်၊ တံတားဦး အပြည် ပြည်ဆိုင်ရာလေဆိပ်လမ်းဝဲ၊ယာ၌ အမြဲစိမ်း အရိပ်ရပင်စိုက်ပျိုးရန်၊ ပြည်သူများ သစ်ပင်စိုက်ပျိုးမှု နည်းစနစ်များ သိရှိနိုင်ရန်နှင့် ပြည်သူများ သစ်တောသစ်ပင် တန်ဖိုးသိရှိ၍ သစ်ပင်စိုက်ပျိုးပြုစု ထိန်းသိမ်းမှုများ၌ ပူးပေါင်းပါဝင် လာစေရေး အသိပညာပေးဆောင် ရွက်ရန်နှင့် သစ်ရွက်ကြွေများအား မီးရှို့ခြင်း မပြုလုပ်ဘဲ သဘာဝ သစ်ရွက်ဆွေးမြေသြဇာ ပြုလုပ် ရန်နှင့် ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ယခင်နှစ်များ နည်းတူ သီးပင်၊ စားပင်များအား ဆက်လက်စိုက်ပျိုးသွားရန် ဆွေး နွေးမှာကြားခဲ့ကြောင်း သိရသည်။

**စာနည်ကိုကို (ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည် ပြိုင်ပွဲဝင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု

### ခန်းဝင် ပဏာမ ဘော်လီဘောလက်ရွေးစင်အားကစားသမားများအား တွေ့ဆုံမှာကြား

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ခန်းဝင် လေ့ကျင့်နေသော ပဏာမ အမျိုးသား၊အမျိုးသမီး ဘော်လီဘော လက်ရွေးစင်အသင်း အား ကစားသမားများအား တွေ့ ဆုံပွဲကို ယနေ့နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၄လမ်း အောင်သမာဓိ အလုပ်ရုံဝင်းရှိ မန်းအောင်ဆွေလင်းဘော်လီဘော ကလပ် အားကစားခန်းမတွင် ကျင်းပသည်။

အဆိုပါ တွေ့ဆုံရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဦးစိုင်းအောင် ကြည်၊ တိုင်းဒေသကြီးအားကစား နှင့်ကာယပညာဦးစီးဌာန ညွှန် ကြားရေးမှူး ဦးနိုင်လင်းအောင် နှင့်တာဝန်ရှိသူများ၊ မန္တလေး တိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌ မန်းအောင် ဆွေလင်း၊ ဘော်လီဘောကလပ် ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင် သမာဓိ စိန်ရွှေရတနာနှင့် ရွှေ သန့် စင်လုပ်ငန်း)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (လက်ရွေးစင် ဟောင်း)၊ အတွင်းရေးမှူး ဦးမြင့် ဆွေနှင့် အမှုဆောင်အဖွဲ့ဝင် များ၊ တိုင်းအောင်နိုင်ရေးကော် မတီတွဲဖက်အတွင်းရေးမှူး ဦးတင့် ဝေ(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာသိပ္ပံ)နှင့် အသင်းအုပ် ချုပ်သူနည်းပြဆရာများ၊ ဒိုင်အဖွဲ့ ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ပဏာမအမျိုးသား၊ အမျိုးသမီး လက်ရွေးစင်အားကစားသမား များ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်း ရင်းသားလူမျိုးရေးရာဝန်ကြီးက ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသ ကြီးအသင်း ကြိုးကြိုးစားစား ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရန် အား ပေးမှာကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အဘက်ဘက်မှ ပံ့ပိုးမှုအပြည့်ဖြင့် ပြိုင်ပွဲဝင် ထူးချွန်အစဉ်အလာရှိ သည့် ဘော်လီဘောလက်ရွေးစင် အားကစားသမားများ ရွေးချယ် ဆောင်ရွက်နေမှုများကို တင်ပြ ပြီး ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း နှင့်အတွင်းရေးမှူး ဦးမြင့်ဆွေတို့က လည်း ရှမ်းပြည်နယ် တောင်ကြီး မြို့တွင် ဇွန် ၁၀ရက်မှ ၁၉ ရက် အထိကျင်းပမည့် ၂၀၂၆ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုး သား၊ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပါဝင်မည့် ပဏာမ အမျိုးသမီး လက်ရွေးစင်များကို အား/ကာသိပ္ပံ၊ မန္တလေး ဘော် လီဘောလေ့ကျင့်ရေးခန်းမနှင့် ပဏာမအမျိုးသားလက်ရွေးစင်တို့ ကို မန်းအောင်ဆွေလင်းကလပ် အားကစားခန်းမတို့တွင် သတ် မှတ်စည်းကမ်းအတိုင်း လေ့ကျင့် ဆောင်ရွက်ရွေးချယ်ပေးနေမှုများ ကို အကျယ်တဝင့် ရှင်းလင်း တင်ပြကြရာ မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်း သားလူမျိုးရေးရာဝန်ကြီး ဦးစိုင်း အောင်ကြည်က လိုအပ်သည်များ မှာကြားကာ အားကစားသမား များကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးပြီး စုပေါင်း အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄ဝ)**




## ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ပြင်ဦးလွင် မေ ၁၄**

ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့်အဖွဲ့က မန္တလေးတိုင်းဒေသ ကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်း ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့် ခွာပြည်သူများအား မေ ၁၃ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့၊ မြို့ လယ်ရွှေစည်းခုံကျောင်းတိုက်နှင့် လက်ပံကုန်းကျေးရွာ၊ သီရိမင်္ဂလာ ကျောင်းတိုက်တို့ရှိ ဓမ္မာရုံတို့တွင် ဆန်၊ ဆီနှင့် ငါးသေတ္တာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။



အခမ်းအနားသို့ ကချင်ပြည် နယ်အစိုးရ လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်မှ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ ရွှေကူမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်း၊ အမျိုး သားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းထူးနှင့် တာဝန်ရှိသူ များ၊ စေတနာရှင် အလှူရှင်များ၊ ဗန်းမော်ခရိုင်အတွင်းမှ ယာယီ နေရပ်စွန့်ခွာ ပြည်သူများ တက် ရောက်ကြသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ကချင်ပြည်နယ် လူမှုရေးရာ ဝန် ကြီးက ထောက်ပံ့ပေးအပ်လှူဒါန်း ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူများ၏ ဆွေးနွေးတင်ပြ ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ ပေးအပ်လှူဒါန်းရာ တွင် မြို့လယ်ရွှေစည်းခုံကျောင်း တိုက်တွင် အိမ်ထောင်စု ၆၅၀နှင့် လက်ပံကုန်းကျေးရွာ၊ သီရိမင်္ဂလာ ကျောင်းတိုက်တွင် အိမ်ထောင်စု ၃၅၀ တို့အား အိမ်ထောင်စု တစ်စု လျှင် ဆန်ခြောက်ပြည်အိတ် တစ် အိတ်၊ ဆီ ၆၀ သား တစ်ဘူး၊ ငါးသေတ္တာတစ်ဘူးတို့ဖြင့် အိမ် ထောင်စု စုစုပေါင်း ၁၀၀၀ အား ကချင်ပြည်နယ် လူမှုရေးရာ ဝန် ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်များ၊ အမျိုးသားလွှတ် တော်ကိုယ်စားလှယ်နှင့် ဗန်းမော် ခရိုင် စားအုန်းဆီကိုယ်စားလှယ် အလှူရှင် ဦးမြဝင်းထွန်းတို့က ပြည်သူများအား လက်ရောက်ပေး အပ်ခဲ့ပြီး လက်ပံကုန်းကျေးရွာရှိ ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့် ခွာပြည်သူများအတွက် ယာယီ Camp လေးလုံး တည်ဆောက် ရန် အလှူငွေကျပ် သိန်းသုံးရာကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

* - * - * - *

# လူမှုအသိုက်အဝန်းအတွင်းမှ လူငယ်ကဏ္ဍ

အောင်စိုး(လူမှုဝန်ထမ်း)

ကျွန်တော်သည် လူမှုဝန်ထမ်းဦးစီးဌာနတွင် နှစ်ပေါင်း ၄၀ နီးပါးမျှ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် မွေးကင်းစ (ရင်ခွင်ပိုက်ကလေး)၊ ရှေးဦးကလေးအရွယ် (မူကြိုအရွယ်)၊ ကလေးလူငယ်၊ အမျိုးသမီးငယ်ရွယ်၊ အမျိုးသမီးကဏ္ဍ၊ သက်ကြီးရွယ်အို၊ မသန်စွမ်း စသည်ဖြင့် အရွယ်မျိုးစုံ၊ ကဏ္ဍစုံတို့၏ လူမှုရေးရာအဖြာဖြာကို နိုင်ငံတော်ကိုယ်စား ဝန်ဆောင်မှုပေးရသော ဌာနဟု ယေဘုယျ ပြော၍ ရပါသည်။ အထူးသဖြင့် ကျွန်တော်၏ လုပ်သက်တစ်လျှောက် ကလေးလူငယ်ကဏ္ဍတွင် တာဝန်ထမ်းဆောင်ခဲ့သည်က များသဖြင့် မိမိ လုပ်ငန်းအတွေ့အကြုံနှင့် လေ့လာသင်ယူခဲ့ရသည်များကို မျှဝေပေးလိုသည့် ဆန္ဒဖြစ်ပေါ်လာရပါသည်။




## လူငယ်ဟူသည်

'လူငယ်'ဆိုသည့် အဓိပ္ပာယ်ကို တစ်မျိုးတည်း သတ်မှတ်၍ မရနိုင်ပါ။ အမြင်အမျိုးမျိုးဖြင့် မျိုးစုံဖွင့်ဆိုနိုင်ပါသည်။ အသက်အရွယ် Biological Demographic အရဆိုလျှင် ပုံမှန်အားဖြင့် အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိကို 'လူငယ်'ဟု သတ်မှတ်ကြပါသည်။ နိုင်ငံအလိုက် ကွဲပြားမှုများလည်း ရှိကြပါသည်။ ကုလသမဂ္ဂ United Nations အနေဖြင့် အသက် ၁၅ နှစ်မှ ၂၄ နှစ်ဟု သတ်မှတ်ထားပါသည်။ ၎င်းတို့သည် အုပ်ချုပ်ရေးနှင့် စာရင်းအင်းကဏ္ဍများအတွက် အသုံးပြုမှု သတ်မှတ်ချက်ဖြစ်ပါသည်။

အသက်အရွယ်နှင့်မဆိုင်ဘဲ စိတ်နေစိတ်ထား Psychological အရဆိုလျှင် မေးခွန်းမေးနိုင်သူ၊ ပြောင်းလဲလိုစိတ်ရှိသူ၊ မိမိဘဝကို ကိုယ်တိုင်တာဝန်ယူလိုသူ၊ အသစ်အသစ်များကို လက်ခံနိုင်သူ စသည့် စိတ်ထားရှိသူဖြစ်ပါက အသက်အရွယ်ကြီးသော်လည်း လူငယ်ဖြစ်နိုင်ပါသည်။

လူမှုရေးကဏ္ဍ Sociological အရ သတ်မှတ်မည်ဆိုလျှင် လူမှုအသိုက်အဝန်းထဲ ဝင်ရောက်နေဆဲ၊ အလုပ်အကိုင်ဖြင့် မိသားစုဘဝ ဦးတည်ချက်ကို တည်ဆောက်နေဆဲဖြစ်သူ၊ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်တန်ဖိုးများကို ဖန်တီးနေဆဲကာလတွင် ရှိနေသူ၊ တည်ဆောက်နေဆဲဘဝအဆင့်ရှိသူကို ဆိုနိုင်ပါသည်။

ဘာသာရေးအမြင်အရ Buddhist Pers-Pecitive အထူးသဖြင့် ဗုဒ္ဓရဲ့ အမြင်အရဆိုလျှင် တဏှာ(လောဘ၊ ဒေါသ၊ မောဟ)နည်းပါးသူ အယူအဆမတည်ငြိမ်သေးသူ၊ သစ္စာလေးပါးအမှန်တရားကို ရှာဖွေနိုင်စွမ်းရှိသူကို လူငယ်စိတ်ရှိသူအဖြစ် မြင်နိုင်ပါသည်။

အသက်ကြီးသော်လည်း မသိသေးသည်များကို လေ့လာချင်သူသည် လူငယ်စိတ်မကုန်သေးသူဟု ဆိုနိုင်ပါသည်။ ယနေ့ခေတ်အနေအထားအရ 'လူငယ်ဆိုသည်မှာ' အသက်အရွယ်ထက် စိတ်နေစိတ်ထား လေ့လာနိုင်စွမ်းနှင့် ဘဝကိုတည်ဆောက်လိုစိတ်ကို ပို၍ အခြေခံထားလာသည့် အခြေအနေဟု ဆိုရမည်ဖြစ်ပါသည်။

## လူကြီးနှင့် လူငယ်ကြား ပြောဆိုဆက်ဆံမှု

ယခုဆက်လက်၍ အသက်ကြီးသူနှင့် လူငယ်တို့ကြား အပြန်အလှန်ဆက်ဆံရေး ကောင်းမွန်စေရေး၏ အဓိကသော့ချက်ကို တင်ပြလိုပါသည်။ လူကြီးနှင့် လူငယ်တို့ ပြောဆိုဆက်ဆံရေးတွင် သင်ကြားပေးခြင်းပုံစံမဟုတ်ဘဲ ဘဝတွေ့ဆုံခြင်းပုံသဏ္ဍာန်သာ ဖြစ်သင့်ပေသည်။ အသက်ကြီးသူသည် 'ငါ သိတယ်၊ သူတို့ကလူငယ် မသိသေးဘူး' ဟူသော စိတ်သဘောထားကို ပြောင်းပစ်ရပေမည်။ အသက်ကြီးသူသည် မိမိတွေ့ကြုံခဲ့သော အတွေ့အကြုံများကို 'ငါသိလို့ ငါပြောမယ်'ဆိုတာထက် 'ငါမြင်တာကို မျှဝေမယ်'ဟူသာ ဖြစ်သင့်ပါသည်။ ယနေ့ခေတ်လူငယ်များသည် အကြံဉာဏ်များထက် 'အစစ်အမှန်သော ဘဝဇာတ်လမ်း'ကိုသာ နားထောင်ချင်ကြပါသည်။ လူငယ်တွေကို 'ဒါတော့ လုပ်သင့်တယ်' 'ဒါတော့ မလုပ်ရဘူး'ဆိုတာထက် ကိုယ့်ဘဝ အမှားတစ်ခုအတွက် နောင်တရခဲ့ရပုံ အတွေ့အကြုံကို မျှဝေခြင်းမျိုးသာ ဖြစ်သင့်ပါသည်။

ဒီနေရာမှာ အသက်ကြီးသူနှင့် လူငယ်တို့အကြား ပြောဆိုဆက်ဆံရေးတွင် 'နားထောင်ခြင်းသည် အလွန်အရေးပါပေသည်' လူငယ်တစ်ဦး စကားပြောနေစဉ် နားထောင်တဲ့အခါ ကိုယ့်အတွေ့အကြုံများကို ခဏထားပါ။ ပြန်လည်၍ အဖြေပေးခြင်းမျိုးနှင့် သင်ပေးဖို့ အစီအစဉ်များကို ဖယ်ထားပါ။ သူ့ရဲ့ သဘောဆန္ဒကို နားထောင်ပေးခြင်းဖြင့် တစ်ဦးအပေါ်တစ်ဦး နားလည်မှုကို ပိုမိုရရှိစေပါသည်။ ထိုအခါ လူငယ်က 'ငါ့ကို တကယ်နားထောင်ပေးတယ်'လို့ ခံစားရပြီး လူကြီးနှင့် လူငယ်ဆက်ဆံရေးသည် အလိုလို ချောမွေ့လာပါလိမ့်မည်။ အသက်အရွယ် ကွာဟမှုသည် ပြဿနာအကြောင်းအတွက် မဟုတ်။ အမြင်မတူခြင်းကို လက်ခံပေးသင့်ပါသည်။ လူငယ်များအပေါ် ဖိအားမပေး၊ ရှုတ်ချခြင်း မပြုဖို့ အထူး သတိထားအပ်ပါသည်။ အမှန်တရားကို အတူတူ မြင်ကြည့်ခြင်းဖြင့် ဆက်ဆံသွားသင့်ပြီး ထိရောက်သော နည်းလမ်းများတွင်-

ခရီးသွားရင်း၊ အလုပ်အတူတူလုပ်ရင်း၊ လမ်းလျှောက်ရင်း၊ ပရဟိတလုပ်ငန်းများ အတူတကွလုပ်ကိုင်ကြရင်း စသည်ဖြင့် အတူတကွ လှုပ်ရှားရင်းဖြင့် ပြောဆိုဆက်ဆံမှုတို့ ပါဝင်ပါသည်။ ဤသည်တို့သည် မျိုးဆက်သစ်လူငယ်များနှင့် အသက်အရွယ်ကြီးသူတို့၏ ကွာဟမှုကို နီးကပ်စေခြင်း အကြောင်းတရားပင် ဖြစ်ပါသည်။

လူငယ်သည်လည်း ကိုယ့်အမြင်ကို ရှေ့တန်းမတင်ဘဲ မိဘ၊ အဘိုး၊ အဘွားတွေကို ဆုံးဖြတ်ချက်မချ နားထောင်တတ်သည့် အလေ့အကျင့်ပြုသင့်ပါသည်။ ထိုအခါ ပဋိပက္ခမဖြစ်တဲ့ သဟဇာတ ပို၍ ဖြစ်စေပါသည်။ မိဘတွေက ကိုယ့်အတွက်ကြိုးစားမှုများကို သိမြင်ခြင်းဖြင့် 'ဒါက ငါ့အခွင့်အရေးလို့ မမြင်ဘဲ' 'ဒါက ငါ့အတွက် အကူအညီပေးထားခြင်း'ဟုသာ မြင်သင့်ပါသည်။ မိမိတို့အိမ်ရဲ့ အလုပ်သေးသေးလေးတွေမှာ ပါဝင်ခြင်း၊ ကိုယ့်အလုပ်ရဲ့ အကျိုးဆက်ကို ခံယူခြင်း၊ ရပ်ရွာလူထုနှင့် သဟဇာတဖြစ်အောင် နေထိုင်တတ်ခြင်း၊ အသက်အရွယ်မတူ၊ အတွေးအမြင်မတူ၊ ယဉ်ကျေးမှု ဘာသာမတူ စသည်ဖြင့် မတူတာကို မှားတယ်လို့ မမြင်ဘဲ မတူကွဲပြားမှုကို လက်ခံနိုင်ခြင်း၊ စည်းကမ်းနှင့် လူမှုကျင့်ဝတ်တို့ကို လိုက်နာခြင်း၊ ရပ်ရွာ အလုပ်များနှင့် အဘိုး၊ အဘွားတွေကို ကူညီခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း စသည့် တာဝန်ယူမှုများနှင့် ချစ်ခြင်းမေတ္တာထားမှုတို့ လိုအပ်ပါသည်။ အများသုံးနေရာများတွင် စည်းကမ်းထားခြင်း၊ အသံအပြုအမူ၊ စကားပြောပုံကို သတိထားခြင်းဖြင့် စည်းကမ်းနှင့် လူမှုကျင့်ဝတ်ကို လိုက်နာခြင်း၊ ကိုယ့်လွတ်လပ်မှုအတွက် အခြားသူရဲ့လွတ်လပ်မှုကို မဖျက်ဆီးသင့်ပါ။ 'ငါတစ်ယောက်ထဲ မဟုတ်ဘူး'ဆိုတဲ့ အမြင်ရှိပြီး အခွင့်အရေးနှင့် တာဝန်ကိုတွဲ၍ မြင်သင့်ပါသည်။ ကိုယ့်လိုပဲ အားနည်းသူ၊ နာကျင်သူတွေ ရှိတယ်ဆိုတာ သိခြင်းဖြင့် အပြစ်တင်ခြင်းထက် နားလည်ပေးခြင်းကို ရွေးချယ်ပေးခြင်းဖြင့် စိတ်ထားနူးညံ့ခြင်း Compassion ကို ဖြစ်စေပါသည်။

အချုပ်အားဖြင့်ဆိုလျှင် ကလေးလူငယ်များသည် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေထိုင်ဖို့ နားထောင်တတ်မှု၊ ကျေးဇူးသိမှု၊ တာဝန်ယူမှု၊ မေတ္တာထားမှု စတဲ့ မူလေးရပ်ကို မိသားစုအတွင်းမှာ ကျင့်ကြံနေထိုင်သွားလျှင် ရပ်ရွာနှင့် လူမှုအဖွဲ့အစည်းမှာ သဘာဝအလိုလို ပေါင်းစည်းနိုင်မည် ဖြစ်ပါသည်။ စာရေးသူသည် ရပ်ရွာလူမှုအဖွဲ့အစည်းအတွင်းမှာ သဟဇာတ မဖြစ်မှုကြောင့် လိုအပ်ချက်အရ နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းခဲ့ရတဲ့ ကလေးလူငယ်များကို လေ့ကျင့်ပျိုးထောင်၍ ရပ်ရွာလူထုနှင့် ပြန်လည်ပေါင်းစည်းဝင်ဆန့်နိုင်ရေး လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ရသူတစ်ဦး ဖြစ်ပါသည်။

## နိုင်ငံအတွက် အရေးပါပုံ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်ထု၏ စွမ်းရည်ကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ လူငယ်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုရန် အရေးကြီး၍ အခြေခံလည်း ကျပါသည်။

မြန်မာနိုင်ငံတွင် ယခင်က လူငယ်မူဝါဒ မရှိသေးသော ကမ္ဘာ့နိုင်ငံ ၃၀ ကျော်တွင် တစ်ခုအပါအဝင်ဖြစ်ခဲ့ပါသည်။ သို့သော် ၂၀၁၇ ခုနှစ်တွင် 'မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ'ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမူဝါဒတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ အသက်အရွယ်ကို 'လူငယ်'ဟု သတ်မှတ်ထားပါသည်။ (၁၈ နှစ်အောက် အသက်အပိုင်းအခြားကို ကလေးဟု သတ်မှတ်ထားပါသည်။) အဆိုပါ ကလေးနှင့် လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေးစွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှု အရည်အသွေး၊ ပူးပေါင်းဆောင်ရွက်ရေး စသည့် ကဏ္ဍအလိုက် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ ရည်မှန်းရေးဆွဲထားပါသည်။ ၎င်းအပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များစွမ်းရည်ကို မြှင့်တင်ပေးရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အာဆီယံလူငယ်ရေးရာလုပ်ငန်းများတွင် ပါဝင်ရန်တို့အတွက် (၁-၈-၂၀၂၁)ရက်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်းပြီး လူငယ်ရေးရာဦးစီးဌာနကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

## ရပ်ရွာလူမှုအသိုက်အဝန်းမှ ဝိုင်းဝန်းဆောင်ရွက်ရေး

မည်သို့ပင်ဆိုစေ ကလေးနှင့် လူငယ်ကဏ္ဍအရေးပါမှုအတွက် အခြေခံအကျဆုံးသော လူ့အဖွဲ့အစည်းများဖြစ်သည့် မိသားစုအသိုက်အဝန်း၊ ရပ်ရွာလူထု၏ ပြုစုစောင့်ရှောက်မှုသည် အဓိကကျပါသည်။ ထိုအဖွဲ့အစည်းများကို လူမှုအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဝန်းရံမှုအားသည်လည်း အထူးအရေးပါလှပါသည်။ နိုင်ငံတော်၏ကဏ္ဍ အရေးပါသကဲ့သို့ အခြေခံအကျဆုံးသော အဆိုပါ လူမှုအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပြုစုပျိုးထောင်မှုသည် မြန်မာနိုင်ငံအဝန်း လက်တွေ့ကျစေပါသည်။ သို့ဖြစ်ပါ၍ လူငယ်များ၏ စွမ်းအားများ နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိစေဖို့ ဝိုင်းဝန်းဖော်ဆောင်ကြပါစို့။

# စွမ်းရည်မြှင့်တင်သည့် သင်တန်းအမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မေ ၁၄**

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး)မှ ကြီးမှူးကျင်းပသည့် မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပမည့် ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်တင်သည့်သင်တန်းအမှတ်စဉ် (၂/၂၀၂၆)သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွန်းက ရက်(၁၀၀)စီမံချက် အစီအစဉ်ဖြင့် အလုပ်သမားဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက အလုပ်သမားဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ လက်တွေ့လုပ်ဆောင်ခဲ့ပြီး တစ်ဦးချင်းစီအလိုက် တင်ပြဆွေးနွေးလာမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် သင်တန်းဆင်းပွဲတွင် အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမား ကိုယ်စားလှယ် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးအား အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စင်မင်းမောင်(ခရိုင်-ပြန်/ဆက်)**

*-*-*-*-*-*-*



# မုန်တိုင်းဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ

**ပျော်ဘွယ် မေ ၁၄**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ မုန်တိုင်းဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ Talk Show ကို ယနေ့နံနက် ၈ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်မေစောမွန်က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ကိုရှင်းလင်းပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဇင်မြင့်က မုန်တိုင်းဖြစ်ပေါ်တတ်သည့် ကာလများအကြောင်း၊ မုန်တိုင်းမကျမီ ကြိုတင်ပြင်ဆင်ထားရမည့် အချက်များ၊ မုန်တိုင်းတိုက်ခတ်နေစဉ် ဆောင်ရွက်ရမည့် အချက်များ၊ မုန်တိုင်းကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် အချက်များ၊ နိုင်ငံတော်မှထုတ်ပြန်သည့် မိုးလေဝသသတင်းများကို ဖတ်ရှုနားထောင်တတ်စေရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**






ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။

# မိုင်းဆတ်မြို့၌ သစ်ဆွေးမြေအကြောင်း အသိပညာပေး Talk Show ကျင်းပ

**မိုင်းဆတ် မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ သစ်ဆွေးမြေအကြောင်း အသိပညာပေး Talk Show ကို ယမန်နေ့ မွန်းလွဲပိုင်းက လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက သစ်ဆွေးမြေ၏အဓိပ္ပာယ်နှင့် သစ်ဆွေးမြေသည် အဘယ်ကြောင့် အရေးကြီးသည်ကို သိရှိနိုင်ရန်အတွက် အသိပညာပေး Talk Show ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်ပွင့်ဖြူက သစ်ဆွေးမြေ၏အဓိပ္ပာယ်၊ ဖွဲ့စည်းပုံအသေးစိတ်၊ အမျိုးအစားများ၊ ကမ္ဘာပေါ်နှင့် အာဆီယံဒေသတွင် သစ်ဆွေးမြေတည်ရှိမှုများ၊ မြန်မာနိုင်ငံရှိ သစ်ဆွေးမြေအခြေအနေ၊ သစ်ဆွေးမြေ၏အရေးကြီးသည့် အချက်များ၊ သစ်ဆွေးမြေပျက်စီးသွားပါက ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် သစ်ဆွေးမြေကို ထိန်းသိမ်းရန် ဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးအနေဖြင့် အများပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များ ရိုက်ကူး၍ Online တွင် လွှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မိရိုးဖလာ လုပ်ငန်းပါ

* မိုးတိမ်တောင် ပြိုလဲကျ
လူ့ဌာန သက်ဆင်းလာ ။
အပူရှိန် လျော့နည်းသွား
တို့များရပ်ရွာ ။
စံပယ်ပန်း ဝေဝေဆာဆာ
ပွင့်လန်းဖြာ ရနံ့သင်း ။
မလေးပျို ကေသာအထက်သို့
ပန်းလျက်လှခြင်း ။

* တို့ ၊ သူ ၊ ငါ ယာတောကိုဆင်း
ထွန်ယက်ရင်း ပြုံးပျော်နေ ။
ရင်ထဲဝယ် စိတ်ကြည်နူး
ရွှင်မြူးပါလေ ။
စိုက်ပျိုးကြ မြေပဲတွေ
ကျေလက်မြေ အညာနန်း ။
အလုပ်ကို ကြိုးစားကြလို့
ဘဝ,တင့်ဆန်း ။

* မိရိုးဖလာ တောင်သူလုပ်ငန်း
တို့ဖြတ်သန်း နေ့စဉ်တွယ် ။
မြန်မာပြည် မြေပဲထွက်အား
မြင့်မားစေမယ် ။
ပင်ပန်းမှု မေ့လျော့တယ်
သီးနှံရယ် အစုံစိုက် ။
ဖိုးတောင်သူ နွားကိုဖက်လို့
(အိုကွယ်)
ထွန်ယက်ပျော်ပိုက် ။ ။

ဇဂျမ်းရွာကျောင်းအိုသား



# မန္တလေးမြို့ရှိ ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား စားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး မေ ၁၄**

မန္တလေး၊ အောင်မြေသာစံခရိုင်အတွင်းရှိ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ယာယီနေရပ်စွန့်ခွာပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီနှင့် ငါးသေတ္တာများ လှူဒါန်းပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ စိတ္တသုခကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရ လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းထူး၊ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေနှင့် တာဝန်ရှိသူများ၊ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများ တက်ရောက်ကြသည်။

ဈေးဦးစွာ လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များက မိတ်ဆက်စကားပြောကြား၍ တက်ရောက်လာကြသော ယာယီနေရပ်စွန့်ခွာ ပြည်သူများက ၎င်းတို့၏ အခက်အခဲများကို တင်ပြကြရာ လူမှုရေးရာဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် အောင်မြေသာစံခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၁၀၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ငါးသေတ္တာတို့ကို ထောက်ပံ့ပေးအပ်ကာ လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၆)**





# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ဈေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး အလှူရှင်များဖြစ်ကြသော ဦးကျော်စိုးလင်း + ဒေါ်နန်းကြည်လှိုင်၊ ဦးထင်ကျော် + ဒေါ်ခင်အုန်းမြင့်၊ ဦးထွန်းအောင်မြင့် + ဒေါ်နိုင်နိုင်ဦး၊ ဦးဝင်းထက်အောင် + ဒေါ်အိမွန်ကျော်၊ ဒေါ်ခင်ချမ်းမြေ့အောင် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

ထို့နောက် အလှူရှင်များက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။ **PNT**

# နံနက်စာ၊ နေ့လယ်စာနှင့် ညနေစာ ထမင်းကျွေးမွေးလှူဒါန်း

**မန္တလေး မေ ၁၄**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြုပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်ရှိ လူမျိုးစုံတိုင်းရင်းသားကလေးငယ်များအား ယမန်နေ့က အလှူရှင် မောင်ဝေယံ၏ (၂၂)နှစ်ပြည့်မွေးနေ့အလှူအဖြစ် မိဘမဲ့ကလေးများအား နံနက်စာကိုလည်းကောင်း၊ ဦးဝင်းထိန်+ဒေါ်ဆွေအေး(နှစ်၆၀ပြည့် မွေးနေ့)အထိမ်းအမှတ် အလှူအဖြစ် နေ့လယ်စာထမင်း၊ ဟင်းများဖြင့်လည်းကောင်း၊ ကိုသျှိုင်းဟန်ဇော်+မသီရိရှင်းသန့်(မြဝတီမြို့)က ညနေစာထမင်း၊ ဟင်းများဖြင့်လည်းကောင်း အသီးသီးလှူဒါန်းကြရာ ကျောင်းတိုက်ဦးစီးပဓာနနာယကသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလ(ဓမ္မာစရိယ၊ B.A) ဆရာတော်က ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ် စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရဒါန ကျွေးမွေးလှူဒါန်းလိုပါက နံနက်စာအတွက် ငွေကျပ်သုံးသိန်း၊ နေ့လယ်စာအတွက် ငွေကျပ် သုံးသိန်းငါးသောင်း၊ ညနေစာအတွက် ငွေကျပ်သုံးသိန်းတို့ဖြင့်လည်းကောင်း၊ ရာသက်ပန် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါကလည်းကောင်း ဦးစီးပဓာနနာယကဆရာတော် ဖုန်း-



၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈၃၂၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသတွင်မှ အလှူခံစေလွှတ်ထားခြင်း မရှိကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၁)**

# (၃၅)ကြိမ်မြောက်ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး မေ ၁၄**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို (၃၅)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါ ထောက်ပံ့ပွဲသို့ တက်ရောက်လာသူများကို မုန့်ဟင်းခါးကျွေးမွေးလှူဒါန်းရာ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့်ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(အောက်ဝဲပုံ)**



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင်သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ဆပ်ပြာခရင်မ် တစ်ပုံး၊ စားသောက်ကုန်ပစ္စည်းများ၊ ရပ်ကွက်ပြည်သူ အိမ်ထောင်စု ၇၀ စုအား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီနှင့် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆား တစ်ထုပ်၊ ဆပ်ပြာခရင်မ် တစ်ဘူးတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် လူပေါင်းသုံးသောင်းကျော်ကို ကျောက်ကပ်သန့်စင်ပေးနိုင်ခဲ့ပြီးဖြစ်

**မန္တလေး မေ ၁၄**

မန္တလေး၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးရုံစတင်တည်ထောင်ချိန်မှ ၂၀၂၅ ခုနှစ်ကုန်အထိ ပြင်ပလူနာအဖြစ် သံဃာတော်နှင့် သီလရှင်တစ်သိန်းကျော်အား ကုသပေးနိုင်ခဲ့ပြီး လူပေါင်း ၃၃၀၀၀ နီးပါးအား ကျောက်ကပ်သန့်စင်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဆေးရုံမှတ်တမ်းများအရ သိရသည်။

လက်ရှိတွင် အဆိုပါဆေးရုံကြီး၌ သံဃာတော်များအတွက် ဆေးဝါးကုသစရိတ်များ လိုအပ်လျက်ရှိသည့်အပြင် ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးနှင့် ခေတ်မီဆေးရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများ ဆက်လက်လိုအပ်လျက်ရှိကြောင်း ဆေးရုံကော်မတီထံမှ သိရသည်။

ဆေးရုံကော်မတီဥက္ကဋ္ဌ ဦးစိုးလင်း၏ ပြောကြားချက်အရ လက်ရှိတွင် သံဃာတော်များနှင့် သီလရှင်များအား ကုသိုလ်ဖြစ် အခမဲ့ကုသပေးလျက်ရှိပြီး ငွေကြေး အခက်အခဲရှိသည့် ပြည်သူများကိုလည်း သက်သာသောနှုန်းထားဖြင့် ကုသပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သံဃာတော်များ၊ သီလရှင်များသာမက သာမန်ပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုများကို အဖိုးနှုန်းသက်သာစွာဖြင့် တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လာမည့် မေ ၂၃ ရက်တွင် ကျရောက်မည့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ (၁၈)နှစ်ပြည့်အထိမ်းအမှတ်၌ ဆေးရုံစတင်တည်ထောင်ချိန်မှစ၍ ပါဝင်ကူညီခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သည်။

ထို့အတူ ဆေးရုံကြီး ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြင်ပလူနာများ လက်ခံကုသပေးမည့် အစီအစဉ်သစ်များကို မေ ၁၁ ရက်က ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် အတည်ပြုခဲ့သည်။

ယခုအခါ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အထွေထွေရောဂါများအပြင် အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊ ကျောက်ကပ်ရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ခွဲစိတ်ကုသမှုလိုအပ်သည့် လူနာများအနေဖြင့် သက်သာသောနှုန်းထားများဖြင့် လာရောက်ကုသမှု ခံယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



## "အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၀)၊ ဦးပိုင်အမှတ်(၃၉)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်နွဲ့ အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏(တောင်ဘက်အစွန်းဆုံးအခြမ်း၏မြောက်ဘက်ပိုင်း)၊ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သက်မှူးကြွယ်(ဘ)ဦးကျော်ဆွေ(၉/ခမစ(နိုင်)၀၈၇၅၁၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး**(LL.B)

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး**(LL.B) **ဦးဝေဖြိုးအောင်**(LL.B) **ဒေါ်မှုူးမှုူးမြတ်သွယ်**(LL.B) **ဒေါ်ပွင့်ဖြူကျော်**(LL.B)

**(အထက်တန်းရှေ့နေများ)**

**(နန–၁၃/၄)၊ လမ်း(၆၀)၊ ၁၃၃ လမ်းနှင့် ၁၃၄ လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာနှစ်အတွက် လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – **(၁၈–၅–၂၀၂၆)(တနင်္လာနေ့)**

**(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** – **(၂၅–၅–၂၀၂၆)(တနင်္လာနေ့) (၉:၃၀) မှ (၄:၃၀)နာရီထိ**

**(ဂ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့** – **(၂၈–၅–၂၀၂၆)(ကြာသပတေးနေ့)(စနစ်မှန်း)**

**(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** – **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန**

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်းဆောင်ရွက်ရာတွင်အသုံးပြုသော အမှိုက်သိမ်း(TC)သံကန်များ အသစ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC)သံကန်များ အသစ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – **(၁၈–၅–၂၀၂၆)(တနင်္လာနေ့)**

**(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** – **(၂၅–၅–၂၀၂၆)(တနင်္လာနေ့) (၉:၃၀) မှ (၄:၃၀)နာရီထိ**

**(ဂ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့** – **(၂၈–၅–၂၀၂၆)(ကြာသပတေးနေ့)(စနစ်မှန်း)**

**(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** – **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန**

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာနှစ်အတွက် မီးသဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – **(၁၈–၅–၂၀၂၆)(တနင်္လာနေ့)**

**(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** – **(၂၅–၅–၂၀၂၆)(တနင်္လာနေ့) (၉:၃၀) မှ (၄:၃၀)နာရီထိ**

**(ဂ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့** – **(၂၈–၅–၂၀၂၆)(ကြာသပတေးနေ့)(စနစ်မှန်း)**

**(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** – **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန**

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ဇေယျာသီရိဘုန်းတော်ကြီး ပညာရေးသင်ကျောင်း Grade(5)မှ မောင်ဇေလင်းမြတ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးစိုးမြင့်ထွန်း ဖြစ်ပါသည်။ **ဦးစိုးမြင့်ထွန်း(၁/မကတ(နိုင်)၀၈၅၀၁၂)**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၄၁၆)၊ ဧရိယာ(၆ ဒသမ ၂၉)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ (၂၀×၄၅)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်အိအိထွေး(ဘ)ဦးကံသိန်း(၉/အမဇ(နိုင်)၀၂၈၇၁၀)၊ ဒေါ်တင်မမ(ဘ)ဦးကံသိန်း(၉/အမဇ(နိုင်)၀၂၈၆၈၉)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရံငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးတင်ဇော်လတ်**(LL.B) **ဦးရဲကျော်သူ**(LL.B) **ဦးငြိမ်းချမ်းကျော်**(LL.B) **ဦးစည်သူမြင့်**(LL.M)

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**

**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

**ဖုန်း ၀၉–၄၀၂၆၂၂၄၇၁**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၄၄)၊ ဦးပိုင်အမှတ်(၁၀၇/၁)၊ ဧရိယာ(၀ ဒသမ ၀၂၈၅)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်၏ အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဦးကျော်ဒွေးနှင့် ဒေါ်ခင်တင့်တို့၏ အမွေစား အမွေခံသားသမီးများဖြစ်ကြသော (၁)ဒေါ်ခင်အေးမြင့်၊ (၂)ဒေါ်ခင်ထွေးကြည်၊ (၃)ဒေါ်ခင်ပြုံးကြည်၊ (၄)ဒေါ်ခင်ပြုံးတင့်၊ (၅)ဦးအောင်မြင့်ဇော်တို့မှ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ (၁၀-၅-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၁၈)ပါ အများသိစေရန် ကြေညာခြင်း ခေါင်းစဉ်ပါ ကြေညာချက်များအပေါ် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်။

အဆိုပါ(၁၀-၅-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာတွင် ထည့်သွင်းကြေငြာခဲ့သည့် အထက်ပါမြေကွက်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ နှင့်အညီ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် ကိစ္စရပ်နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်လိုခြင်းမရှိကြောင်း အဆိုပါမြေကွက် အမည်ပေါက်ပိုင်ဆိုင်သူများ၏ အမွေစားအမွေခံသားသမီးများဖြစ်ကြသော ကျွန်ုပ်တို့(၅)ဦးမှ အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့(၅)ဦး သိရှိခြင်းမရှိဘဲ အထက်ပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကမျှ အမွေဆက်ခံစာချုပ် ချုပ်ဆိုခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် မိဘများ၏ အမည်မှ အခြားသူတစ်ဦးတစ်ယောက်၏ အမည်ပေါက်ရရှိစေရန် အလို့ငှာ မည်သည့်ပြုလုပ်ဆောင်ရွက်မှုမျိုးကိုမျှ ဆောင်ရွက်ခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

အထက်အပိုဒ်ခွဲ(၂)ပါ အသိပေးတားမြစ်ချက်များကို ဆန့်ကျင်၍ ပြုလုပ်ဆောင်ရွက်ခဲ့ပါက ထိုသို့ဆန့်ကျင်ပြုလုပ်ဆောင်ရွက်သူ မည်သူကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁)ဒေါ်ခင်အေးမြင့် (၉/မရမ(နိုင်)၀၂၃၈၆၁)**

**(၂)ဒေါ်ခင်ထွေးကြည် (၉/မရမ(နိုင်)၀၂၃၇၉၉)**

**(၃)ဒေါ်ခင်ပြုံးကြည် (၉/မရမ(နိုင်)၀၂၃၇၉၇)**

**(၄)ဒေါ်ခင်ပြုံးတင့် (၉/မရမ(နိုင်)၀၂၃၇၉၅)**

**(၅)ဦးအောင်မြင့်ဇော် (၉/မရမ(နိုင်)၀၀၃၇၁၄)**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်(၅၂၁)၊ ဦးပိုင်အမှတ်(ယခင်-၁၉)(ယခု-၉၇)၊ ဧရိယာ(၀ ဒသမ ၀၄)ဧက အကျယ်အဝန်းရှိ ဦးကိုကိုကြီး အမည်ပေါက် ဂရန်မြေကွက်နှင့် မြေပေါ်ရှိ(၁)ထပ် အုတ်နံကပ်အဆောက်အအုံ၊ တပ်ဆင်ထားသည့် ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မာမာခင်(ဘ)ဦးအုန်းခင်(၉/မနတ(နိုင်)၀၂၂၂၀၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းကြူကြူသင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်ဇင်ဝင်း** – **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ဝင်းမို့မို့အောင်** – **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မီမီဝင်းထွန်း** – **အထက်တန်းရှေ့နေ**

**၆၈ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၇၄၀၈၇၅၊ ၀၉–၉၅၅၂၀၂၂၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်နံပါတ်(၁၃၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးသန်းစိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများ ဖြစ်ကြသည့် ဦးပြည့်ဖြိုးအောင်(ဘ)ဦးဟော်ဇူးကြုံ(ခ)ဦးသိန်းဝင်း(၉/ခအဇ(နိုင်)၀၃၃၃၇၃)နှင့် ဒေါ်လင်းလက်သော်(ဘ)ဦးသော်တာမင်း(၉/မဟမ(နိုင်)၀၄၁၇၂၆)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)** – **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန်(LL.B,LL.M)** – **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** – **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း(LL.B)** – **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး(LL.B)** – **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန်(LL.B)** – **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် မြဝတီမြို့နယ် ဖလူး၊ မင်းလက်ပံဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီးတိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများနှင့် အတူ အထူးနေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား လှိုင်းဘွဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

## ၂၀၂၅-၂၀၂၆ ခုနှစ် ဘောလုံးရာသီ ပြင်သစ်လီဂူး ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်း ဆွတ်ခူး

**ပါရီ မေ ၁၄**

၂၀၂၅-၂၀၂၆ ခုနှစ် ဘောလုံးရာသီ ပြင်သစ်လီဂူး ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပွဲစဉ် (၃၃)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၆ မှတ်ရရှိပြီး အဆင့်(၂)နေရာမှ လန်းစ်အသင်းကို (၉)မှတ်အထိဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူး အမှတ်ပေးချန်ပီယံဆုကို နောက်ဆုံးငါးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးချန်ပီယံဆုကို အသင်းသမိုင်းတစ်လျှောက် စံချိန်တင်(၁၄)ကြိမ်အထိလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းနည်းပြ အန်နရီကေးက "အခုလို အသင်းနဲ့အတူ ပြင်သစ်လီဂူးချန်ပီယံဆုကြီးကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကစားသမားတွေရဲ့ အကောင်းဆုံးကြိုးစားခဲ့မှုကြောင့် လီဂူးချန်ပီယံဆုကို ရရှိခဲ့တာပါ။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။



ပီအက်စ်ဂျီအသင်းသည် ၂၀၂၅-၂၀၂၆ ခုနှစ် ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေ ၃၀ ရက်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)

## မိဘပြည်သူများသို့ အသိပေးပန်ကြားခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဓာတ်အားစနစ်တည်ငြိမ်ရေးနှင့် ပြည်သူလူထုထံသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့၊ ၁၄:၄၃ နာရီအချိန်တွင် ဓာတ်အားစနစ်အတွင်းရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း၌ ယာယီချို့ယွင်းမှု ဖြစ်ပွားခဲ့သဖြင့် ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရပါသည်။

၃။ အဆိုပါဓာတ်အားပြတ်တောက်မှုဖြစ်ပွားရာသို့ ဝန်ကြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့၊ ၁၅:၀၀ နာရီအချိန်တွင် ဓာတ်အားစနစ်အတွင်းသို့ စတင်ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီး ယင်းနေ့ ၁၆:၄၃ နာရီအချိန်တွင် ဓာတ်အားစနစ်တစ်ခုလုံးသို့ ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ဓာတ်အားစနစ်အတွင်း ချို့ယွင်းမှုများ မဖြစ်ပွားစေရေးအတွက် စစ်ဆေး၊ ပြုပြင်၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း မိဘပြည်သူများသို့ လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ၁၄-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ